ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 11 November 2020 ၁၀၁၉၃

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် SUGA Yoshihide နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး MOTEGI Toshimitsu တို့က မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy) ပါတီက မဲအများဆုံးရရှိသည့် ပါတီအဖြစ် ထူးထူးကဲကဲ အနိုင်ရခဲ့သည့်အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူကြောင်း သဝဏ်လွှာများကို ယနေ့ ပေးပို့လာခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ဂျပန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်၊ ဂျပန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ခေါင်းဆောင်၊ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေး ဆာဆာကာဝါအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံ အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်၊ ဂျပန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံရွေးကောက်ပွဲလေ့လာရေးအဖွဲ့ ခေါင်းဆောင်၊ နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ မစ္စတာ ရိုဟေး ဆာဆာကာဝါအား ယနေ့နံနက်ပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မစ္စတာ ရိုဟေးဆာဆာကာဝါက နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် COVID-19 ကာကွယ်ရေး စည်းမျဉ်းများနှင့်အညီ စီမံထားပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်သည်ကို တွေ့မြင်ရ၍ အထူးပင် ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(National League for Democracy - NLD) ပါတီအနေဖြင့် ပြည်သူလူထု၏ ထောက်ခံမှုကို အများဆုံးရရှိပြီး အောင်နိုင်ခဲ့သည့်အတွက်လည်း ချီးကျူးဂုဏ်ပြုပါကြောင်း၊ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပပြီးစီးသည့်နောက်ပိုင်း ဂျပန်နိုင်ငံအနေဖြင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်၊ ဂျပန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ခေါင်းဆောင်၊ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေး ဆာဆာကာဝါအား လက်ခံတွေ့ဆုံစဉ်။

KBZ BANK
(6) CONSECUTIVE YEARS
'BANK OF THE YEAR IN MYANMAR 2018'
Awarded by Financial Times (The Banker)

ကြေးမုံ

# နိုင်ငံ့အနာဂတ်နှင့် ဂုဏ်ပြုရမည့်ပြည်သူ

၂၀၂၀ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ကျေပွန်စွာဆောင်ရွက်ခဲ့ကြသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအနက် တက်တက်ကြွကြွ နိုးနိုးကြားကြား တာဝန်ကျေပွန်စွာ ပါဝင်ခဲ့ကြသော အဓိကကျသည့် ပြည်သူလူထုအပေါင်းတို့ကို ဦးစွာဂုဏ်ပြုကျေးဇူးတင်ရမည်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အားလုံးနှင့် ပါဝင်ကူညီဆောင်ရွက်ကြသော အဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ရမည်ဖြစ်သည်။

အမှန်တကယ်တွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကျင်းပချိန်ကာလသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်နေသောကာလဖြစ်၍ ရောဂါနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများရှိနေသောကြောင့် ရွေးကောက်ပွဲအောင်မြင်ရေးတွင် အခက်အခဲများစွာရှိခဲ့သည်။ လက်တွေ့တွင် မဲရုံများ၌ ရွေးကောက်ပွဲများကို ကိုဗစ်-၁၉ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ ပြုလုပ်နိုင်ခဲ့ကြပြီး ပြည်သူလူထုမှာလည်း ညွှန်ကြားထားသည့်အချက်များကို အလေးထားလိုက်နာခဲ့ကြသည်။

အဓိကမှာ ပြည်သူလူထုသာလျှင်အဓိကဖြစ်ပြီး ပြည်သူမပါလျှင် မည်သည့်အရာမျှ အောင်မြင်နိုင်မည်မဟုတ်ဟုဆိုသည့်အတိုင်း ပြည်သူလူထုသည် မည်သည့်အခြေအနေဖြစ်ဖြစ် ရွေးကောက်ပွဲသာ အဓိကဖြစ်ခဲ့သည်။ ထို့ကြောင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ပြည်သူလူထုကို ဦးစွာကျေးဇူးတင်ရမည် ဖြစ်သည်။ ပြည်သူလူထုသည် ရွေးကောက်ပွဲကို အထူးစိတ်ဝင်စားခဲ့၊ ရွေးကောက်ပွဲတွင် တက်တက်ကြွကြွ အလေးထားပါဝင်ခဲ့သည်မှာ ဒီမိုကရေစီ၏အနှစ်သာရဖြစ်သည့် တရားမျှတမှု၊ မှန်ကန်မှု၊ စစ်မှန်မှု၊ ပြည်သူကို တန်ဖိုးထားမှုတို့ မပျောက်ဆုံးဘဲ ဆက်လက်ထွန်းကားရေးကို လိုလားသောကြောင့် အလေးအနက်ပါဝင်ခဲ့ကြခြင်း ဖြစ်သည်။

ဤသည်မှာ လုံးဝမှန်ကန်သော အမှန်တရားဖြစ်သည်။ စစ်မှန်သော အမှန်တရားကို လူတိုင်းလက်ခံကြသည်။ ဤအောင်မြင်မှုအတွက်၊ ဤဒီမိုကရေစီ ဆက်လက်ရှင်သန်မှုအတွက် အားလုံးကောင်းချီးသြဘာပေးခဲ့ကြသည်။ ဂုဏ်ပြုချီးကျူးထောမနာပြုခဲ့ကြသည်။ အဓိကမှာ တက်တက်ကြွကြွ ပါဝင်ဆင်နွှဲခဲ့ကြသော မြန်မာနိုင်ငံမှ မြန်မာပြည်သူ ပြည်သားများအား ဦးတည်ခဲ့သည်။ ရွေးကောက်ပွဲကျင်းပပြီးနောက် နိုဝင်ဘာလ ၉ ရက်နေ့ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ်-၁၉ ရောဂါကြားမှ ရွေးကောက်ပွဲများ အောင်အောင်မြင်မြင်ဖြစ်မြောက်အောင်လုပ်ပေးကြသည့် ပြည်သူလူထုအားလုံးအား ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်၊ မြန်မာနိုင်ငံ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လေ့လာရေးအဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံတွင် ပြည်သူများကိုယ်တိုင် ရွေးချယ်တင်မြှောက်သည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာမည်ဖြစ်၍ တာဝန်ရှိပုဂ္ဂိုလ်အားလုံး ပူးပေါင်းဆောင်ရွက်ကာ ပိုမိုပြည့်စုံကောင်းမွန်သည့် ဒီမိုကရေစီနိုင်ငံဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပါတီအဖွဲ့အစည်းအသီးသီးတို့က ရွေးကောက်ပွဲနှင့်ပတ်သက်၍၊ ပြည်သူလူထုနှင့်ပါဝင်ဆောင်ရွက်ကြသူများနှင့်ပတ်သက်၍ ချီးကျူးဂုဏ်ပြုအသိအမှတ်ပြုခဲ့ကြသည်။ နိုင်ငံတော်အပိုင်းမှ ပြည်သူအများ စိတ်ချလုံခြုံစွာမဲပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရကျိုးနပ်ခဲ့သည်။ ပြည်သူ ပြည်သားများမှာ ကိုဗစ်-၁၉ ရောဂါကိုမမှုဘဲ ရွေးကောက်ပွဲတွင် တက်တက်ကြွကြွ ပါဝင်မဲပေးခဲ့ကြသည်။

ရွေးကောက်ပွဲဖြစ်စေ၊ ကိုဗစ်-၁၉ ရောဂါကိုဖြစ်စေ၊ တိုင်းပြည်အတွက် မည်သည့်အရေးကိစ္စတွင်ဖြစ်စေ ပြည်သူလူထု ပူးပေါင်းပါဝင်မှုသည် အဓိကကျသည်။ ပြည်သူမပါလျှင် မည်သည့်အရာမျှ အောင်မြင်နိုင်မည် မဟုတ်ပေ။ ယခုရွေးကောက်ပွဲကို ပြည်သူလူထုအားဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ရာ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသော ကိုဗစ်-၁၉ ရောဂါဘေးအန္တရာယ်များနှင့် နိုင်ငံ့လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များအား ပြည်သူအားလုံးတို့က ရွေးကောက်ပွဲတွင်ပါဝင်သကဲ့သို့ နိုင်ငံတော်နှင့်အတူလက်တွဲ၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြမည်ဟု မျှော်လင့်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ဆန္ဒများကို အမှန်တကယ်ထုတ်ဖော်နိုင်သည့် မဲပေးရွေးချယ်ရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ ပြီးဆုံးသွားပြီဖြစ်ရာ မြန်မာပြည်သူ ပြည်သားများအနေဖြင့် ပိုမို၍ ဒီမိုကရေစီနည်းလမ်းကျသော၊ ပိုမို၍ ငြိမ်းချမ်းသော၊ ပိုမို၍သာယာဝပြောသောအနာဂတ်ဆီသို့ ဆက်လက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

# ကျောက်တံတားမြို့နယ် ကြက်ခြေနီအသင်းခွဲသို့

## သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကြက်ခြေနီအသင်းခွဲသို့ သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်က ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျောက်တံတားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးကျော်က အဖွင့်အမှာစကားပြောကြားပြီး လူနာတင်ယာဉ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အမှုဆောင်များက ပေးအပ်ရာ ကျောက်တံတားမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးရွှေမောင်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်ဥက္ကဋ္ဌ Shri Bajrang Lal Sharma (ခ) ဦးမောင်မောင်က "အခုလို ကိုဗစ်-၁၉ ကာလမှာ အရေးပေါ်လူနာတွေအတွက် လူနာတင်ယာဉ်တွေ လိုအပ်ပါတယ်။ ဒီမြို့နယ်အတွက် လူနာတင်ယာဉ် လိုအပ်နေတယ်ကြားလို့ အခုလို လှူဒါန်းရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

ရီရီ

■

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀-၁၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၉,၉၀၀ | ၂၇၀ | ၂,၆၉၇,၄၀၀ |
| MTSH | ၃,၇၀၀ | ၃,၆၅၀ | ၂,၁၃၆ | ၇,၈၅၆,၆၀၀ |
| MCB | ၈,၄၀၀ | ၈,၃၀၀ | ၃၁ | ၂၆၀,၃၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၁၅၀ | ၃,၃၀၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၇၀၀ | ၄,၇၃၆ | ၁၃,၀၇၇,၂၀၀ |
| EFR | ၄,၂၀၀ | ၄,၂၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၁၀

**ရန်ကုန်(ရွှေဈေး) ၁၃၁၁၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၁၀၀၀**

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၁၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၁၅ ကျပ် | ၅၁၅/၅၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၉၅/၆၁၀ ကျပ် | ၆၅၀/၆၇၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၄၉၅ ကျပ် | ၅၂၅/၅၁၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၁၀/၄၁၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၄၀/၄၄၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၁၀/၄၄၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၈.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၃.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆.၁၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၅၁၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၄.၁၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၄၆၁ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၁.၆၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၂.၄၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၃.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၆.၂၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်စွာလင်း၊ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ပေးပို့သည့် သဝဏ်လွှာများအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဒေါ်အောင်ဆန်းစုကြည်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခင်ဗျာ**

မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အဆွေတော် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ထူးထူးကဲကဲ အနိုင်ရခဲ့သည့်အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

ဂျပန်နိုင်ငံသည် နောက်ထပ်ဖွဲ့စည်းမည့်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဘက်ပေါင်းစုံမှ ဆက်လက်ထောက်ပံ့ကူညီသွားမည်ဖြစ်ပါသည်။ ဂျပန်နှင့် မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန် လာစေရေးအတွက် အဆွေတော် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့် အမြင်ချင်းဖလှယ် တိုင်ပင်ဆွေးနွေးနိုင်မည်ကို ဝမ်းမြောက်စွာ မျှော်လင့်စောင့်စားလျက်ရှိပါသည်။

ခင်မင်လေးစားလျက်
(လက်မှတ်)
SUGA Yoshihide
ဂျပန်နိုင်ငံဝန်ကြီးချုပ်

ဒေါ်အောင်ဆန်းစုကြည်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခင်ဗျာ**

လတ်တလော အသက်ရှုလမ်းကြောင်းရောဂါ (COVID-19) ကူးစက်ပျံ့နှံ့မှုကြောင့် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရသည့် ကာလအတွင်းတွင် မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုချီးကျူးစကား ပြောကြားလိုပါသည်။ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ စေလွှတ်ခြင်း စသည်တို့ အပါအဝင် ရွေးကောက်ပွဲအတွက် ကူညီပံ့ပိုးခွင့်ရခဲ့သည့် ဂျပန်နိုင်ငံအနေဖြင့်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ ထို့အပြင် အဆွေတော်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက မဲအများဆုံးရရှိသည့်ပါတီအဖြစ် အောင်နိုင်ခဲ့သည့်အတွက် အထူးဂုဏ်ယူမိကြောင်း ပြောကြားလိုပါသည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ပြီး အစွမ်းကုန် ထောက်ပံ့ကူညီသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားသော ရင်းနှီးချစ်ကြည်မှုဆက်ဆံရေးကို ပိုမိုတိုးမြှင့်သွားရန်အတွက် အဆွေတော်နှင့် ဆက်လက်ပြီး အနီးကပ် ပူးပေါင်းဆောင်ရွက်သွားရမည်ကို ဝမ်းမြောက်စွာ စောင့်မျှော်လျက်ရှိပါသည်။

ခင်မင်လေးစားလျက်
(လက်မှတ်)
MOTEGI Toshimitsu
ဂျပန်နိုင်ငံခြားရေးဝန်ကြီး

❍ **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

မြန်မာနိုင်ငံပြည်သူများ လူမှု-စီးပွား တိုးတက်မြင့်မားလာရေးအတွက် ဘက်စုံထောင့်စုံမှ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုရွေးကောက်ပွဲတွင် မဲရုံများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ လေ့လာကြည့်ရှုခဲ့ပါကြောင်း၊ စီမံခန့်ခွဲမှုများကို အထူးပင် စနစ်ကျစွာ ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက်လည်း စနစ်တကျ စီမံဆောင်ရွက်ထားပါကြောင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက်လည်း အပြည့်အဝ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရရှိထားသည့် နယ်မြေဒေသများတွင် ငြိမ်းချမ်းရေးအသီးအပွင့်များ ရရှိခံစားနိုင်စေရေးအတွက် နိပ္ပွန်ဖောင်ဒေးရှင်းက ကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိရန်အတွက် အထူးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောက်ထပ်ဖွဲ့စည်းမည့်အစိုးရသစ်လက်ထက်တွင်လည်း ငြိမ်းချမ်းရေးအောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက်ကူညီမှုများကို ကျေးဇူးတင်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဂျပန်နိုင်ငံအစိုးရက စေလွှတ်သော လေ့လာရေးအဖွဲ့အနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ခြင်းအတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမ တို့ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်၊ ဂျပန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ ခေါင်းဆောင်၊ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေး ဆာဆာကာဝါတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





## သံအမတ်ကြီး ဦးမင်းသိမ်း ပြည်ထောင်စုရှေ့နေချုပ်အား လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဩစတြီးယား သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သော ဦးမင်းသိမ်းသည် သံအမတ်ကြီးတာဝန်နှင့် ဗီယင်နာမြို့၌ အခြေစိုက်သည့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် သွားရောက်တာဝန်ထမ်းဆောင်ခြင်းမပြုမီ ယနေ့ မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးအား လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ဩစတြီးယားသမ္မတနိုင်ငံ၏ ချေးငွေဖြင့် ဆောင်ရွက်မည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဥပဒေရေးရာ ကိစ္စရပ်များ၊ နိုင်ငံတကာကုန်သွယ်ရေးဥပဒေဆိုင်ရာ ကုလသမဂ္ဂကော်မရှင် (UNCITRAL) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် လိုအပ်သည့် ဥပဒေအကြံပြုချက်များ ကူညီပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)တို့အကြား သံတမန်အဆက်အသွယ် ထူထောင်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)တို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါမူကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကို အခြေခံပြီး သံတမန်ဆက်ဆံရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာစေရန် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

**သဘောတူညီ**

မြန်မာနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) တို့အကြား သံတမန်အဆက်အသွယ် ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းနှင့် ကုလသမဂ္ဂဆိုင်ရာ ယူအေအီး အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး Ms. Lana Zaki Nusseibeh တို့သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၉ ရက်တွင် နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ ယူအေအီး အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ မြန်မာနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)တို့အကြား သံတမန်အဆက်အသွယ်ထူထောင်ရန်ကိစ္စကို ၂၀၁၂ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထပုံမှန်အစည်းအဝေးမှ သဘောတူညီခဲ့ပြီးဖြစ်သည်။

**၁၂၅ နိုင်ငံမြောက်**

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)သည် မြန်မာနိုင်ငံ၏ ၁၂၅ နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့်နိုင်ငံဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် သံတမန်အဆက်အသွယ်ထူထောင်ထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၂၁၃ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | | | | |
| (၁) | ဦးအောင်ထူး | ၁၂/ဗတထ(နိုင်)၀၂၂၅၅၄ | ဗိုလ်တထောင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဒေါ်လဲ့လဲ့ဝင်း | ၁၂/မဂတ(နိုင်)၀၆၈၉၂၆ | ဗိုလ်တထောင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဒေါ်ရွှေမိုးယံညွန့် | ၁၂/ကတတ(နိုင်)၀၂၈၂၆၉ | ကျောက်တံတား(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဒေါ်မြလှစံ | ၁၂/ကတတ(နိုင်)၀၁၈၃၀၃ | ကျောက်တံတား(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးသန်းနိုင်ဦး | ၁၂/ဥကမ(နိုင်)၀၆၁၁၀၇ | ပန်းဘဲတန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဒေါ်စိုးပပလှိုင် | ၁၂/သဃက(နိုင်)၀၃၅၇၀၅ | ပန်းဘဲတန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးမိုးမြင့် | ၉/မမန(နိုင်)၀၁၂၈၉၈ | ကိုကိုးကျွန်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးအောင်နိုင် | ၁၂/ကကက(နိုင်)၀၀၀၆၆၁ | ကိုကိုးကျွန်း(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဒေါ်သန္တာအေး | ၁၂/ကမန(နိုင်)၀၇၈၂၂၁ | ကော့မှူး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးဇော်မင်းအောင် | ၁၂/ကမန(နိုင်)၀၇၁၄၆၆ | ကော့မှူး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အသိပေးနှိုးဆော်စာ

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် လွှတ်တော်အသီးသီးအတွက် အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ရာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးသည် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၇၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ၎င်းတို့အမည်စာရင်းတင်သွင်းခဲ့ကြသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း ပုံစံ(၂၀)ဖြင့် တင်သွင်းကြရမည်ဖြစ်သည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို မတင်သွင်းပါက သက်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေ ၈၄ အရ အရည်အချင်းပျက်ယွင်းသူဟု သတ်မှတ်ကြေညာခြင်းခံရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ရွေးကောက်ပွဲ ကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း အမြန်ဆုံးတင်သွင်းကြရန် နှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းသံရုံးက သတင်းထုတ်ပြန်ချက်ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၁၀

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသံရုံးက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် -

မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသံရုံးမှ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထွေထွေ ပါလီမန်ရွေးကောက်ပွဲကို လွပ်လပ်စွာ၊ တရားမျှတစွာ၊ ငြိမ်းချမ်းစွာဖြင့် ကျင်းပနိုင်ခဲ့မှုအပေါ် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

အဆိုပါရွေးကောက်ပွဲတွင် မြန်မာလူမျိုးများသည် တက်တက်ကြွကြွပါဝင်ခြင်းအားဖြင့် ဒီမိုကရေစီနှင့် နိုင်ငံတိုးတက်မှုအပေါ် သူတို့၏ ခိုင်မာသောကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသံရုံးအနေဖြင့်လည်း ဖော်ရွေဖွယ်ကောင်းလှသော မြန်မာပြည်သူပြည်သားများနှင့်အတူ နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် မြန်မာနိုင်ငံသားများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းသာဂုဏ်ယူမိပါသည်ဟူ၍ ဖော်ပြထားသည်။

သတင်းစဉ်

# ရွေးကောက်ပွဲရလဒ်များကို နိုဝင်ဘာ ၁၁ ရက်မှစ၍ နေ့စဉ် နံနက် ၉ နာရီ၊ မွန်းတည့် ၁၂ နာရီ၊ ညနေ ၄ နာရီနှင့် ည ၈ နာရီတို့တွင် ထုတ်ပြန်ကြေညာသွားမည်

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး သက်ဆိုင်ရာ မဲဆန္ဒနယ် အသီးသီးမှ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းများအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုဝင်ဘာ ၉ ရက်မှ စတင်ကာ ထုတ်ပြန်ပေးလျက်ရှိသည်။

### လေးကြိမ်ထုတ်ပြန်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲရလဒ်များ ဆက်လက်ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက "ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲရလဒ်တွေကို အမြန်ဆုံးထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အရင်က မွန်းတည့် ၁၂ နာရီ၊ ညနေ ၄ နာရီ၊ ည ၈ နာရီအချိန် တွေမှာ သုံးကြိမ်ထုတ်ပြန်ပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲတွေကလည်း ရွေးကောက်ပွဲရလဒ်တွေကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံသို့ စဉ်ဆက်မပြတ် ပေးပို့လျက်



ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦး

ရှိပါတယ်။ ဒီရလဒ်တွေကို စိစစ်ပြီးတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နောက်နေ့ထုတ် သတင်းစာ၊ UEC Website နဲ့ UEC Facebook Page တွေကနေ အချိန်နဲ့တစ်ပြေးညီ သတ်မှတ်ထားတဲ့အတိုင်း ထုတ်ပြန်ကြေညာပေးလျက်ရှိပါ တယ်။

"ဒီလိုဆောင်ရွက်ရာမှာ ပိုပြီးလျင်လျင်မြန်မြန်နဲ့ ပြည့်ပြည့်စုံစုံ ထုတ်ပြန်နိုင်ရေးအတွက် မနက်ဖြန် နိုဝင်ဘာ ၁၁ ရက်ကစပြီး နေ့စဉ် နံနက် ၉ နာရီ၊ မွန်းတည့် ၁၂ နာရီ၊ ညနေ ၄ နာရီနဲ့ ည ၈ နာရီအချိန်တွေမှာ လေးကြိမ် ထုတ်ပြန်ကြေညာသွားမှာ ဖြစ်ပါတယ်။ ဒီနေ့မှာတော့ နံနက် ၉ နာရီအချိန်မမီလိုက်တဲ့အတွက် နံနက် ၁၀ နာရီ ကနေစပြီး ထုတ်ပြန်ကြေညာခဲ့ပါတယ်။ နောက်နေ့တွေမှာ လည်း လေးကြိမ်ထုတ်ပြန်နိုင်အောင် ဆောင်ရွက်သွား မှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေနဲ့ ရွေးကောက်ပွဲရလဒ်တွေကို ပြည်သူများ အမြန်ဆုံး သိရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောသည်။

### တိကျမှန်ကန်ဖို့ အရေးကြီး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက "ရွေးကောက်ပွဲရလဒ်တွေကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်တဲ့အခါမှာ တိကျဖို့၊ မှန်ကန်ဖို့က အရေးကြီးပါတယ်။ သက်ဆိုင်ရာမဲရုံတွေက ရလဒ်တွေကို မြို့နယ်တွေမှာ စုစည်းပါတယ်။ အမျိုးသားလွှတ်တော်နေရာ အတွက်ဆိုရင် ခရိုင်တွေမှာ စုစည်းရတာလည်း ရှိပါတယ်။ ပြီးတော့မှ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ စုစည်း စိစစ်ပြီးမှ ထုတ်ပြန်ကြေညာတာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲတွေအနေနဲ့ ရွေးကောက်ပွဲရလဒ်တွေကို ထုတ်ပြန် ကြေညာပိုင်ခွင့်ရှိပါတယ်။ အလားတူ သူတို့ထုတ်ပြန်တာနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုလည်း ပေးပို့ပါ တယ်။

### မြန်မြန်ဆန်ဆန် ထုတ်ပြန်မည်

"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ပေးပို့လာတဲ့ရလဒ်တွေကို မှန်ကန်မှု ရှိ၊ မရှိ စိစစ်ပါတယ်။ အားလုံးကတော့ ရလဒ်တွေကို မြန်မြန်ဆန်ဆန် သိချင် ကြမှာပဲဖြစ်တယ်။ ကျွန်တော်တို့ကလည်း မြန်မြန်ဆန်ဆန် ထုတ်ပြန်နိုင်အောင် ကြိုးစားလျက်ရှိပါတယ်။ ရွေးကောက်ပွဲက နိုဝင်ဘာလ ၈ ရက်နေ့မှာပြီးတယ်။ နိုဝင်ဘာ ၉ ရက်နေ့ကစပြီး ထုတ်ပြန်နိုင်ခဲ့တာဖြစ်ပါတယ်။ နိုဝင်ဘာလ ၉ ရက်နေ့မှာ ရလဒ်တွေကို စိစစ်ရတဲ့အပိုင်း၊ ပို့ရတဲ့အပိုင်းတွေကြောင့် ထုတ်ပြန်မှုဟာ အရေအတွက် နည်းကောင်းနည်းမှာပါ။ ဒါပေမယ့် နိုဝင်ဘာလ ၁၀ ရက်နေ့ကစပြီး နောက်ရက်တွေမှာ အရေအတွက်များများ၊ မြန်မြန်နဲ့ မှန်မှန်ပြီးစီးအောင် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ဟန်လင်းနိုင်၊ ကျော်ဟိန်း

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၁၄ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကယားပြည်နယ်** | | | | |
| (၁) | ဦးသန်းလင်းလင်း | ၂/လကန(နိုင်)၀၅၂၁၂၈ | မယ်စဲ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၂) | ဦးတီလ်လိန်း | ၁၂/သဃက(နိုင်)၁၅၉၀၅၆ | ဟားခါး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၃) | ဒေါက်တာဒေါ်သန်းအေး | ၇/သနပ(နိုင်)၀၅၈၇၀၂ | ဇီးကုန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးဇော်ဝင်း | ၇/ထတပ(နိုင်)၀၀၄၅၂၀ | ထန်းတပင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၅) | ဦးကျော်မင်းဦး | ၈/မတန(နိုင်)၀၃၉၂၈၉ | မင်းတုန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးနေထက်ဝင်း | ၈/မထန(နိုင်)၀၉၆၅၈၅ | ဆင်ပေါင်ဝဲ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဒေါ်အေးယုမော် | ၈/သရန(နိုင်)၀၀၀၅၃၆ | သရက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၈) | ဦးမျိုးနိုင် | ၉/မရမ(နိုင်)၀၂၃၁၇ | ချမ်းအေးသာစံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးကျော်ထွေး | ၁၂/သကတ(နိုင်)၁၁၂၃၄၇ | ဇမ္ဗူသီရိ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၁၀) | ဦးကျော်ဝင်းမောင် | ၁၀/သဖရ(နိုင်)၀၁၀၉၁၆ | ကျိုက်မရော | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၁) | ဒေါ်မိချိုသဲ | ၁၀/ခဆန(နိုင်)၁၃၆၁၆၀ | ချောင်းဆုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၁၂) | ဒေါ်ကြည်ကြည်အုန်း | ၁၂/ဥကမ(နိုင်)၀၇၅၆၄၅ | အလုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၁၃) | ဒေါက်တာလှဝင်း | ၁၄/ကကန(နိုင်)၀၀၅၇၀၂ | ကျောင်းကုန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၁၅ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာလိုက်သည် -

| အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| **မန္တလေးတိုင်းဒေသကြီး** | | | |
| ဦးမောင်မောင်ဆွေ | ၁၂/သကတ(နိုင်)၀၇၃၂၀၃ | အမှတ် (၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၁၆ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ချင်းပြည်နယ်** | | | | |
| (၁) | ဦးထန်ကျုံး(ခ) ဆန်နီဇာဟိုး | ၁၂/အစန(နိုင်)၀၃၁၇၄၇ | ဟားခါး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးရှုန်မန်း | ၄/တတန(နိုင်)၀၃၃၃၂၀ | ဟားခါး(၂) | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၃) | ဦးခင်မောင်ဝင်း | ၇/ထတပ(နိုင်)၀၄၁၇၃၃ | ထန်းတပင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးဂျော့လေးနီ | ၇/ထတပ(နိုင်)၀၅၁၉၄၆ | ထန်းတပင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၅) | ဦးတင်ဝင်း | ၈/မတန(နိုင်)၀၀၃၇၄၆ | မင်းတုန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဒေါ်အေးမူ | ၈/မတန(နိုင်)၀၄၇၂၈၇ | မင်းတုန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးတင်နွယ်ဦး | ၈/စလန(နိုင်)၀၅၆၃၇၃ | သရက်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးဇော်မိုးအောင် | ၈/သရန(နိုင်)၀၀၆၇၃၆ | သရက်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၉) | ဦးဇော်ဇော်(ခ) ဦးအောင်ပြည့် | ၁၂/တတန(နိုင်)၁၆၁၀၀၃ | အလုံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဒေါ်နွယ်နွယ်ဝင်း | ၁၂/အလန(နိုင်)၀၀၁၁၄၄ | အလုံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၁၁) | ဦးဝင်းဌေး | ၁၄/ရကန(နိုင်)၀၁၀၅၃၁ | ကျောင်းကုန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးခင်မောင်ဇော် | ၁၄/ကကန(နိုင်)၀၇၂၀၃၅ | ကျောင်းကုန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၁၇ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၁) | ဦးနိုင်လင်း | ၆/ကသန(နိုင်)၀၃၇၃၁၇ | ကော့သောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၂) | ဦးဌေးမြင့် | ၈/ပဖန(နိုင်)၀၃၅၈၀၅ | ပွင့်ဖြူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးမျိုးမင်းဦး | ၈/ကမန(နိုင်)၀၄၆၁၁၄ | ကံမ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးကျော်တင် | ၈/ဆမန(နိုင်)၀၁၃၉၁၆ | ဆော | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးကျော်ဆန်းအောင် | ၈/ဆဖန(နိုင်)၀၀၀၅၂၄ | ဆိပ်ဖြူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၆) | ဒေါက်တာအောင်ကျော်ဦး | ၉/စကန(နိုင်)၀၂၈၆၂၇ | စဉ့်ကူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးသန်းဌေး | ၁၂/ရကန(နိုင်)၀၀၇၉၁၆ | ဧယျာသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၁၈ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကယားပြည်နယ်** | | | | |
| (၁) | ဦးတူရယ် | ၂/ဖရဆ(နိုင်) ၀၁၃၈၀၈ | အမှတ်( ၈ ) | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ |
| (၂) | စောအားလ်ဒို | ၂/လကန(နိုင်) ၀၀၃၆၉၃ | အမှတ်( ၉ ) | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၃) | ဦးဟဲဒွန် | ၄/ဖလန(နိုင်) ၀၀၅၀၇၅ | အမှတ်( ၄ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၄) | ဒေါက်တာဝင်းထိန် | ၆/သရခ(နိုင်) ၀၁၈၀၅၈ | အမှတ်( ၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၁၉ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၁) | ဦးကျော်မိုးနိုင် | ၇/ဒဥန(နိုင်)၁၀၃၁၃၂ | ဒိုက်ဦး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးသူရဇော် | ၇/ဒဥန(နိုင်)၀၈၁၂၃၅ | ဒိုက်ဦး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၃) | ဒေါ်ရင်ရင်မြ | ၉/စကန(နိုင်)၀၀၀၈၄၇ | စဉ့်ကူး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးဆန်းဝင်းဦး | ၉/စကန(နိုင်)၀၄၄၄၉၄ | စဉ့်ကူး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၅) | ဒေါ်ခင်မျိုးမြင့် | ၁၀/ကမရ(နိုင်)၀၃၈၂၇၁ | ကျိုက်မရော(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဒေါက်တာနိုင်လှအောင် | ၁၀/ကမရ(နိုင်)၀၁၄၁၉၆ | ကျိုက်မရော(၂) | မွန်ညီညွတ်ရေးပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၇) | ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို | ၁၂/တမန(နိုင်)၁၁၃၃၄၄ | ဒေါပုံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးသန့်ဇင် | ၁၂/ဒပန(နိုင်)၀၁၁၅၉၁ | ဒေါပုံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးခင်မောင်ဝင်း | ၁၂/ပဇတ(နိုင်)၀၂၂၄၁၉ | ပုဇွန်တောင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးတင့်လွင် | ၁၂/ရကန(နိုင်)၀၃၅၈၈၉ | ပုဇွန်တောင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၁၁) | စိုင်းနော့င် | ၁၃/မပန(နိုင်)၀၀၈၂၆၂ | မိုင်းပန်(၁) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |
| (၁၂) | စိုင်းအောင်ခမ်း | ၁၃/မပန(နိုင်)၀၀၀၁၁၃ | မိုင်းပန်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၂၀ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ချင်းပြည်နယ်** | | | | |
| (၁) | ဒေါက်တာဆလိုင်းရီယန်းဖဲလ် (ခ) ဆလိုင်းရန်းဖယ် | ၁၂/ကမရ(နိုင်)၀၄၉၆၂၁ | ဖလမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၂) | ဒေါက်တာဝင်းအောင် | ၅/ခဥန(နိုင်)၀၀၅၇၅၄ | ခင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၃) | ဦးကျော်စွာစိုး | ၁၂/မရက(နိုင်)၀၂၅၁၀၂ | မဟာအောင်မြေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးမျိုးဇော်ဦး | ၈/အလန(နိုင်)၁၁၈၉၃၆ | လယ်ဝေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးအောင်ဇော်မြင့်(ခ) ဦးစိုးမြင့် | ၉/မရမ(နိုင်)၀၁၉၄၂၀ | အမရပူရ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဒေါ်ဝင်းမြမြ | ၉/မရမ(နိုင်)၀၇၂၁၇၂ | စဉ့်ကိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၇) | ဦးဘသိန်းရင် | ၁၂/ကမန(နိုင်)၀၅၆၁၇၀ | ကျောက်ဖြူ | ရခိုင့်ဦးဆောင်ပါတီ |
| (၈) | ဒေါ်လှသက်စိုး | ၁၁/တကန(နိုင်)၀၅၁၁၈၅ | တောင်ကုတ် | ရခိုင်အမျိုးသားပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၂၁ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကယားပြည်နယ်** | | | | |
| (၁) | ဦးရောဘတ်ညေးရယ် | ၂/ဒမဆ(နိုင်) ၀၂၅၈၉၀ | အမှတ် ( ၁၀ ) | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၂) | ဦးဟင်နရီဗန်ထီးယူ | ၁၃/မမတ(နိုင်) ၀၂၈၁၁၈ | အမှတ် ( ၁၀ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၃) | ဦးခင်မျိုးဝင်း | ၆/ဘပန(နိုင်) ၀၀၂၅၈၂ | အမှတ် ( ၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၂၂ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကယားပြည်နယ်** | | | | |
| (၁) | ဦးသဲရယ် | ၂/ဖရဆ(နိုင်)၀၁၂၉၂၄ | ဖရူဆို(၁) | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ |
| (၂) | ဒေါ်အယ်ဗလင်း | ၂/လကန(နိုင်)၀၆၃၃၂၉ | ဖရူဆို(၂) | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၃) | ဒေါ်သင်းသင်းကြူ | ၅/ခဥန(နိုင်)၀၇၉၄၈၂ | ခင်ဦး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးကျော်မင်းထွန်း | ၅/ခဥန(နိုင်)၀၉၅၄၈၈ | ခင်ဦး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးဘိုးသန်းညွန့် | ၅/အတန(နိုင်)၀၀၅၂၂၉ | အင်းတော်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးသန်းဝင်း | ၅/အတန(နိုင်)၀၁၇၂၂၅ | အင်းတော်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၇) | ဦးဆွေမြင့်(ခ) မန်းဆွေမြင့် | ၆/တသရ(နိုင်)၀၃၅၂၈၄ | ဘုတ်ပြင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးခင်နေ့ာင်ဝင်း | ၉/မနမ(နိုင်)၀၉၅၈၆၈ | ဘုတ်ပြင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးကျော်သက်နိုင် | ၆/ထဝန(နိုင်)၀၆၇၈၅၉ | ကော့သောင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးမြင့်မောင် | ၁၂/ဗဟန(နိုင်)၀၇၆၇၄၁ | ကော့သောင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၁၁) | ဦးအောင်နိုင်လင်း | ၉/ညဥန(နိုင်)၀၀၁၀၉၇ | စဉ့်ကိုင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးလှိုင်ဝင်း | ၉/ကဆန(နိုင်)၁၀၇၆၉၄ | စဉ့်ကိုင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၁၃) | ဦးအေးမင်းစိုး | ၁၃/ရငန(နိုင်)၀၂၇၅၁၁ | ရွာငံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးစိုင်းဝဏ္ဏ | ၁၃/ရငန(နိုင်)၀၀၈၂၅၆ | ရွာငံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးအာကာလင်း | ၁၃/လရန(နိုင်)၁၂၃၇၈၀ | ပင်းတယ(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးထွန်းထွန်းနိုင် | ၁၃/ပတယ(နိုင်)၀၄၇၀၉၇ | ပင်းတယ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




| | | | | |
|---|---|---|---|---|
| NLD | - | ၂၇ ဦး | = | ၈.၄၁ % |
| USDP | - | ၂ ဦး | = | ၀.၄၅ % |
| ANP | - | ၁ ဦး | = | ၀.၂၃ % |
| AFP | - | ၁ ဦး | = | ၀.၂၃ % |
| CIP | - | ၂၇၄ ဦး | = | ၆၂.၂၇ % |
| DSPC | - | ၁၁၀ ဦး | = | ၂၅ % |
| CNH | - | ၁၅ ဦး | = | ၃.၄၁ % |

ရှင်းလင်းချက်။ ။ ရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် - ၃၃၀ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၁၁၀ ဦး
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၄၄၀ ဦး

---

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




| | | | | |
|---|---|---|---|---|
| NLD | - | ၁၃ ဦး | = | ၅.၈၀ % |
| KySDP | - | ၃ ဦး | = | ၁.၃၄ % |
| CIP | - | ၁၄၅ ဦး | = | ၆၄.၇၃ % |
| DSPC | - | ၅၆ ဦး | = | ၂၅ % |
| CNH | - | ၇ ဦး | = | ၃.၁၃ % |

ရှင်းလင်းချက်။ ။ ရွေးချယ်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် - ၁၆၈ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၅၆ ဦး
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၂၂၄ ဦး

**မှတ်ချက်။ ၁၀-၁၁-၂၀၂၀ ရက်နေ့ ည ၈ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သော ရလဒ်များ ဖြစ်ပါသည်။**

**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
KySDP = ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ
AFP = ရခိုင့်ဦးဆောင်ပါတီ
ANP = ရခိုင်အမျိုးသားပါတီ
CIP = ရေတွက်နေဆဲ(Counting in Progress)
DSPC = တပ်မတော်သား ကိုယ်စားလှယ်
CNH = ရွေးကောက်ပွဲမကျင်းပဖြစ်သည့် မဲဆန္ဒနယ်များ
(Constituencies where election was not held)

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် ၁၈ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၆ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် ၈ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် ၄ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် ၄ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၄ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် ၆ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ကယားပြည်နယ်မဲဆန္ဒနယ် ၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
KySDP = ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ
CIP = ရေတွက်နေဆဲ(Counting in Progress)

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ










**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
CNLD = ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
MUP = မွန်ညီညွတ်ရေးပါတီ
SNDP = ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ
CIP = ရေတွက်နေဆဲ(Counting in Progress)

မှတ်ချက်။ ၁၀-၁၁-၂၀၂၀ ရက်နေ့ ည ၈ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သော ရလဒ်များ ဖြစ်ပါသည်။

## နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက်နေ့ ည ၈ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်း

| စဉ် | ပါတီတံဆိပ် | အနိုင်ရပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ် (တိုင်းရင်းသားလူမျိုး) လွှတ်တော် |
|---|---|---|---|---|---|---|
| ၁ | | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃၇ ဦး | ၁၃ ဦး | ၅၇ ဦး | - |
| ၂ | | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂ ဦး | - | ၄ ဦး | - |
| ၃ | | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | - | ၃ ဦး | ၂ ဦး | - |
| ၄ | | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ ဦး | - |
| ၅ | | ရခိုင်အမျိုးသားပါတီ | ၁ ဦး | - | - | - |
| ၆ | | မွန်ညီညွတ်ရေးပါတီ | - | - | ၁ ဦး | - |
| ၇ | | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | ၁ ဦး | - |
| ၈ | | ရခိုင့်ဦးဆောင်ပါတီ | ၁ ဦး | - | - | - |
| စုစုပေါင်း | | | ၄၁ ဦး | ၁၆ ဦး | ၆၆ ဦး | - |

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း (၁၉)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဆွစ်ဇာလန်ကုန်သွယ်ရေးဝန်ကြီးတို့၏ ဆွေးနွေးပွဲသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် (၃၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအကြို ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေး၊ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဆွစ်ဇာလန် ကုန်သွယ်ရေးဝန်ကြီးတို့၏ ဆွေးနွေးပွဲသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

**ဆွေးနွေး**

(၁၉)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးတွင် ဝန်ကြီးများက ၂၀၂၀ ပြည့်နှစ်အတွင်း အာဆီယံဥက္ကဋ္ဌအဖြစ် ဗီယက်နမ်နိုင်ငံက တာဝန်ယူစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ချမှတ်ထားသည့် ဦးစားပေးလုပ်ငန်း ၁၃ ခု၏ ဆောင်ရွက်ပြီးမြောက်မှုကိုလည်းကောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) လမ်းပြမြေပုံ (၂၀၂၅) ကာလလယ်သုံးသပ်ချက် ကနဦးအစီရင်ခံစာပါ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် အကြံပြုချက်များအပေါ်တွင် လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင်နှင့် ယင်းမူဘောင်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများကို ရှင်းလင်းတင်ပြခဲ့ရာ ဝန်ကြီးများက အမြန်ဆုံးထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းခဲ့ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ရာတွင် အချို့သော လုပ်ငန်းများသည် ကဏ္ဍဆိုင်ရာအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှု၊ စောင့်ကြည့်စစ်ဆေးမှု၊ အကဲဖြတ်မှုများ ပိုမိုခိုင်မာအားကောင်းရန် လိုအပ်ပါကြောင်း၊ စတုတ္ထစက်မှုအသွင်ကူးပြောင်းရေးနှင့်စပ်လျဉ်းသည့် နည်းပညာများသည် စီးပွားရေးကဏ္ဍတွင်သာမက အများပြည်သူ၏ လူမှုဘဝများနှင့်ဆက်စပ်သည့် ကျန်းမာရေး၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်မှုနယ်ပယ်များတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ အာဆီယံဒေသအတွင်း ကဏ္ဍများနှင့် မဏ္ဍိုင်များအကြား ထိရောက်၍ စွမ်းဆောင်ရည်ရှိစွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မည့် စတုတ္ထစက်မှုအသွင်ကူးပြောင်းရေး မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်သည် လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါထိန်းချုပ်ရေးနှင့် ဒေသတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အချိန်အခါအရ အလွန်အရေးပါသဖြင့် အဆိုပါမူဘောင်ကို အကောင်အထည်ဖော်ရာတွင် ဆွေးနွေးဖက်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ အပါအဝင် STAKEHOLDERS များအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း အလေးပေးပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်သည့်အနေဖြင့် အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ထုတ်လုပ်မှုကွင်းဆက်များ ပိုမိုခိုင်မာစေရေးတို့အတွက် ဟန္နိုင်းရှေ့လုပ်ငန်းစဉ်အောက်မှ အစီအစဉ်တစ်ခုဖြစ်သည့် အရေးကြီးကုန်စည်များအပေါ် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ ချမှတ်အကောင်အထည်ဖော်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ အာဆီယံစီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ ပါဝင်တက်ရောက်၍ အဆိုပါ နားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံကိုယ်စား လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစာချွန်လွှာ၏ ရည်ရွယ်ချက်မှာ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် အခက်အခဲများကို တုံ့ပြန်ဆောင်ရွက်ရာတွင် အစားအစာ၊ ဆေးနှင့် ဆေးပစ္စည်းများ အပါအဝင် အရေးကြီးကုန်စည်များ လွယ်ကူစွာ စီးဆင်းနိုင်ရေးအတွက် အာဆီယံ ၁၀ နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရာတွင် ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းများ၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖလှယ်နိုင်ရန်ဖြစ်သည်။

**အမြင်ချင်းဖလှယ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဆွစ်ဇာလန် ကုန်သွယ်ရေးဝန်ကြီးတို့၏ ဆွေးနွေးပွဲသို့ ဆက်လက်တက်ရောက်သည်။ ဝန်ကြီးများက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊ အာဆီယံနှင့် ဆွစ်ဇာလန်တို့က ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ တုံ့ပြန်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့နောက် ဝန်ကြီးများက အာဆီယံနှင့် ဆွစ်ဇာလန်တို့အကြား ဒစ်ဂျစ်တယ် စီးပွားရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလာရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ၏ လူမှုစီးပွားထိခိုက်မှုများအပေါ် တုံ့ပြန်နိုင်ရန်အတွက် ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက် (CERP) ကို မြန်မာနိုင်ငံအနေဖြင့် ရောဂါကူးစက်မှု စတင်တွေ့ရှိသည့်ကာလကပင် အကောင်အထည်ဖော်ခဲ့မှု အခြေအနေများနှင့် ယခုအခါ ရေရှည်စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ မြန်မာ့စီးပွားရေး ပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP) ရေးဆွဲအကောင်အထည်ဖော်ရန် စီစဉ်နေမှုများကိုလည်း ရှင်းလင်းဆွေးနွေး ပြောကြားသည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီဝန်ကြီးများ၊ ဆွစ်ဇာလန်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီး၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၂၂)ကြိမ်မြောက် အာဆီယံ နိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် (၂၈)ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေးများသို့ တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၁၀**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၂၂) ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် (၂၈)ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေးများကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

**ပါဝင်တက်ရောက်**

အစည်းအဝေးများ၌ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Pham Binh Minh က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**အမြင်ချင်းဖလှယ်**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ကျင်းပမည့် ထိပ်သီးအစည်းအဝေးများ အပါအဝင် အာဆီယံ၏ ပြင်ပဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် ပြင်ပနိုင်ငံများက ပါဝင်လက်မှတ်ရေးထိုးမည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ဆွေးနွေးပြောကြားရာတွင် နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးဝါဒကို ပိုမိုတိုးတက်ခိုင်မာစေရန်နှင့် ဒေသတွင်း မဟာဗျူဟာမြောက် တည်ငြိမ်မှုကို တည်ဆောက်ရန် အရေးကြီးကြောင်း၊ အင်အားကြီးနိုင်ငံများအကြား ပထဝီနိုင်ငံရေးတင်းမာမှုနှင့် ပြိုင်ဆိုင်မှုများ တိုးမြင့်လာခြင်းကြောင့် အားပြိုင်နေသည့် အုပ်စုများအကြား ယုံကြည်မှုတည်ဆောက်ရာတွင် အာဆီယံအနေဖြင့် ပိုမိုအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်း၌ ကြုံတွေ့နေရသည့် ကမ္ဘာ့ကပ်ရောဂါ၊ အကြမ်းဖက်ဝါဒနှင့် ဒေသတွင်းလူကုန်ကူးမှုများ အပါအဝင် သမားရိုးကျမဟုတ်သည့် လုံခြုံရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် တက်ညီလက်ညီဆောင်ရွက်နိုင်သည့် စွမ်းရည်ကို တိုးမြှင့်တည်ဆောက်ရန် လိုအပ်ကြောင်း အလေးထားပြောကြားခဲ့သည်။ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနှင့် အာဆီယံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကို လေ့လာသည့် အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ အပါအဝင် နေရပ်စွန့်ခွာသူများ မိမိဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်ကို ဖန်တီးရာတွင် လည်းကောင်း၊ ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ရာတွင် လည်းကောင်း၊ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းအသိပေးခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းစိတ်ဓာတ်ဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ နှစ်နိုင်ငံ သဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်မည်ဆိုပါက နေရပ်စွန့်ခွာသူများ၏ အရေးကိစ္စကို အဆိုပါ သဘောတူညီချက်နှင့်အညီ ဖြေရှင်းသွားရန် အသင့်ရှိကြောင်း မြန်မာအစိုးရ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပြောကြားသည်။

**အကောင်အထည်ဖော်ရေးဆွေးနွေး**

(၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီအစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီအောက်ရှိ ကဏ္ဍအလိုက်အဖွဲ့အစည်းများ၏ လတ်တလောဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းအခြေပြမြေပုံ-၂၀၂၅ အကောင်အထည်ဖော်ရေးနှင့် ပြန်လည်သုံးသပ်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ အလားတူ (၂၈)ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ် အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ် ဗီယက်နမ်နိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ တုံ့ပြန်ရေးဆိုင်ရာ အာဆီယံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို လည်းကောင်း၊ (၃၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် ကိုလံဘီယာသမ္မတနိုင်ငံ၊ ကျူးဘားသမ္မတနိုင်ငံနှင့် တောင်အာဖရိကသမ္မတနိုင်ငံတို့အား စာချုပ်ဝင်အဖြစ် လက်ခံခြင်းဆိုင်ရာ စာချွန်လွှာတွင် လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ ပါဝင်တက်ရောက်လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် International Forum for Energy Transition 2020: Sustainable Development in the post-COVID 19 Era သို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်

**နေပြည်တော်  နိုဝင်ဘာ  ၁၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် The World Economic Forum နှင့် State Grid Corporation of China တို့ ပူးပေါင်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပသော International Forum for Energy Transition 2020: Sustainable Development in the post–COVID 19 Era သို့ နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

အခမ်းအနားတွင် Founder and Executive Chairman of World Economic Forum ဖြစ်သူ Prof. Klaus Schwab က အဖွင့်အမှာစကားပြောကြားခဲ့ပြီး Vice Chairman of the National Committee of the CPPCC, President of China Association for Science and Technology ဖြစ်သူ Mr. Wan Gang နှင့် Executive Chairman State Grid Corporation of China ဖြစ်သူ Mr. Mao Weiming တို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ အခမ်းအနား၌ တစ်ကမ္ဘာလုံး၏ လူမှုစီးပွား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကိုဗစ်–၁၉ ကပ်ရောဂါလွန်ကာလတွင် ဖြစ်ပေါ်လာမည့် စီးပွားရေးအကျိုးသက်ရောက်မှုများအပေါ် တုံ့ပြန်ကုစားရာတွင် လွန်စွာအရေးပါသော စွမ်းအင်ကဏ္ဍအနေဖြင့် ဘေးကင်းလုံခြုံစိတ်ချရပြီး ကြံ့ကြံ့ခံနိုင်သော၊ ကာဗွန်ထုတ်လွှတ်မှုနည်းပြီး သန့်ရှင်းသောစွမ်းအင်များကို ပြောင်းလဲသုံးစွဲခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များသုံးစွဲမှုကို တိုးမြှင့်ခြင်း၊ Smart Grid System နှင့် နည်းပညာတီထွင်ဆန်းသစ်ခြင်း၊ မူဝါဒဆိုင်ရာ ပံ့ပိုးကူညီပေးခြင်း စသည်တို့တွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး(လျှပ်စစ်) ဦးခင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ သက်ဆိုင်ရာဌာနအကြီးအကဲများနှင့် ကမ္ဘာ့နိုင်ငံပေါင်း ၅၄ နိုင်ငံမှ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ World Economic Forum နှင့် State Grid Corporation of China မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# လှိုင်းဘွဲ့မြို့နယ် သမဝါယမအသင်းစုလီမိတက်က ရိတ်သိမ်းခြွေလှေ့ခြင်းနှင့် ထွန်ယက်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**လှိုင်းဘွဲ့  နိုဝင်ဘာ  ၁၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် သမဝါယမအသင်းစုလီမိတက်နှင့် ရတနာလယ်ယာဝန်ဆောင် သမဝါယမအသင်းတို့သည် အသင်းပိုင်၊ အသင်းသားပိုင် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ဝင်းစိန်ကျေးရွာ၊ ကဒီကန်ကျေးရွာ၊ ထီလုံကျေးရွာ၊ ထုံးအိုင်ကျေးရွာ၊ နောင်သင့်ကျေးရွာနှင့် ကျောက်တောင်ထန်းတောကျေးရွာများရှိ စုစုပေါင်း ၃၄၅ ဧကကို ရိတ်သိမ်းခဲ့သည်။

ထို့ပြင် ရိတ်သိမ်းပြီးစီးသည့်လယ်ယာမြေများတွင် အသင်းပိုင်၊ အသင်းသားပိုင် လယ်ထွန်စက် ငါးစီးဖြင့် ဧကပေါင်း ၈၅၀ ကို ထွန်ယက်သွားရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးလင်းခိုင်ထံမှ သိရသည်။

သတင်းစဉ်

■

# တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ တောင်သူလယ်သမားဦးကြီးများ၏ စိုက်ပျိုးစရိတ်လိုအပ်ချက်ကို ပံ့ပိုးဖြည့်ဆည်းနိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် လုပ်ကွက်ငယ်တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများ နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါသည်။ သီးနှံအမျိုးအစားအလိုက် စပါးစိုက်ဧက ၁ ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံများနှင့်ချက်ကြံကို ၁ ဧကလျှင် ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် တောင်သူတစ်ဦးချင်းက ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ–၇) မူရင်းကို ဘဏ်သို့ အပေါင်အဖြစ်ပေးအပ်ပြီး တောင်သူတစ်ဦးချင်း ကိုယ်တိုင်အာမခံသောစနစ်ဖြင့် ထုတ်ချေးလျက်ရှိပါသည်။

၂။ ၂၀၂၀–၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အတွင်း ထုတ်ချေးသည့်ချေးငွေအပေါ် အတိုးနှုန်းအား တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြင့် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်။

၃။ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမည့်ကာလနှင့် ပြန်လည်ပေးဆပ်ရမည့်ကာလမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | အကြောင်းအရာ | ထုတ်ချေးမည့်ကာလ | ပြန်ဆပ်ရမည့်ကာလ |
|---|---|---|---|
| (က) | ဆောင်းချေးငွေ | ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ဒုတိယပတ်မှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်နေ့ နောက်ဆုံး |
| (ခ) | မိုးကြိုချေးငွေ | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလဆန်းမှ မတ်လကုန်ထိ | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန် နောက်ဆုံး |
| (ဂ) | မိုးချေးငွေ | ၂၀၂၁ ခုနှစ် မေလဆန်းမှ စက်တင်ဘာလကုန်ထိ | ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ နောက်ဆုံး |

၄။ သို့ဖြစ်၍ ၂၀၂၀ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ထုတ်ချေးမည်ဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် ချေးငွေအဆိုပြုလွှာများကို အချိန်မီတင်ပြနိုင်ရေးအတွက် မိမိတို့ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ချေးငွေစိစစ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်/ မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# အာဖရိကဝက်အပြင်းဖျားရောဂါ ဖြစ်ပွားမှု သတင်းထုတ်ပြန်ချက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်တွင် သံသယဖြစ်ဖွယ် ဝက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း သတင်းရရှိသဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အဖွဲ့သည် ရောဂါရှာဖွေဖော်ထုတ် အတည်ပြုနိုင်ရန် တန့်ဆည်မြို့နယ်၊ ရွာရှည်(မ)ကျေးရွာအုပ်စု၊ မယ်ဇလီကုန်းကျေးရွာ၌ မွေးမြူထားသော နာမကျန်းဝက်(၂)ကောင်၏ ခွာတ်ခွဲနမူနာပစ္စည်းတို့ကို ခွာတ်ခွဲစမ်းသပ်စစ်ဆေးချက်အရ အာဖရိကဝက်အပြင်းဖျားရောဂါဗိုင်းရပ်စ်ပိုး၏ မျိုးရိုးဗီဇ တွေ့ရှိခဲ့မှုအား ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE) သို့ (၇–၁၁–၂၀၂၀ ) ရက်တွင် သတင်းပေးပို့ခဲ့ပါသည်။

၂။ ရောဂါကျရောက်ဖြစ်ပွားမှု မရှိသေးသည့်ဒေသများသို့ ရောဂါကူးစက်ပျံ့နှံ့ခြင်းမရှိစေရန် အောက်ပါအချက်များကို အလေးထားလိုက်နာဆောင်ရွက်သွားရန် အသိပေးနှိုးဆော်အပ်ပါသည်–

- (က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊
- (ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
- (ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
- (ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊
- (င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
- (စ) အသက်အရွယ်တူဝက်များကိုသာ အတူတူ မွေးမြူရန်၊
- (ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
- (ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
- (ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
- (ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
- (ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
- (ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
- (ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ရေစူးကန့်သတ်ချက် လိုက်နာကြရန် ရေလမ်းသတိပေး နှိုးဆော်ချက်

၁။ ပြည်တွင်း ရေလမ်းများတွင် ရေယာဉ်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် နှစ်စဉ် နိုဝင်ဘာလ ၁၅ ရက်မှ မေလ ၁၅ ရက်ထိ ကာလကို ရေနည်းကာလသတ်မှတ်၍ ရေကြောင်းနယ်မြေအလိုက် အောက်ပါအတိုင်း ရေယာဉ်များ၏ ဝန်တင်ရေစူးကို ကန့်သတ်ထားပါသည်–

| စဉ် | မြစ်အမည် | ရေကြောင်းနယ်မြေ | | ရေစူးကန့်သတ်ချက် | |
|---|---|---|---|---|---|
| | | မှ | ထိ | ပေ | လက်မ |
| ၁။ | ဧရာဝတီမြစ် | ဟင်္သာတ | ပြည် | ၅ | ၆ |
| ၂။ | | ပြည် | မန္တလေး | ၅ | ၀ |
| ၃။ | | မန္တလေး | ကသာ | ၄ | ၀ |
| ၄။ | | ကသာ | ဗန်းမော် | ၃ | ၉ |
| ၅။ | | ဆင်ဘို | မြစ်ကြီးနား | ၂ | ၆ |
| ၆။ | ချင်းတွင်းမြစ် | ချင်းတွင်းဝ | မုံရွာ | ၃ | ၀ |
| ၇။ | | မုံရွာ | ကလေးဝ | ၃ | ၃ |
| ၈။ | | ကလေးဝ | ဟုမ္မလင်း | ၃ | ၀ |
| ၉။ | | ဟုမ္မလင်း | ခန္တီး | ၂ | ၆ |

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များ လိုက်နာရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

# မော်လမြိုင်မြို့နယ်၌ ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ


စိုင်းထွန်းရင်၊ စိုင်းစိုးဝင်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကျိုက်ထိုမြို့နယ် မရမ်းချောင် ပူးပေါင်း စစ်ဆေးရေးစခန်း၌ စိုင်းထွန်းရင် မောင်းနှင်ပြီး စိုင်းစိုးဝင်း လိုက်ပါလာသည့် ယာဉ်ဖြင့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာကြောင်း သတင်းရရှိသဖြင့် ည ၉ နာရီခွဲခန့်တွင် မော်လမြိုင်မြို့အဝင်၌ ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေး Ecstasy (MDMA) ဟု ယူဆရသော ဆေးပြား ၁၉၉၀၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၃၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့် WY စာတန်းပါ သံမို ကိုးချောင်း၊ AB စာတန်းပါ သံမို ၈ ချောင်းနှင့် စာတန်းမပါ သံမို ၈ ချောင်း၊ စုစုပေါင်း သံမို ၂၅ ချောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားထုပ်ပိုးရာတွင် အသုံးပြုသည့် အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ် ၆၆၂၅၀၊ 999 စာတန်းပါ လေဆာတံဆိပ်တုံး နှစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို ရှမ်းပြည်နယ် မိုင်းရယ်မြို့နယ်မှ စတင်သယ်ဆောင်လာခြင်းဖြစ်ပြီး ကရင်ပြည်နယ် ဘုရားသုံးဆူသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**




# မြစ်ကြီးနား၊ နောင်ချို၊ မိုင်းဆတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ


ညီညီထွန်းအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် ညနေ ၅ နာရီခွဲက မြစ်ကြီးနားမြို့နယ် တီယန်ဇွပ်ကျေးရွာအုပ်စု တီယန်ဇွပ်ကျေးရွာအနီး တီယန်ဇွပ်-မြစ်ကြီးနား သွားကားလမ်း၌ သန်းလင်း မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ အိုရီယမ်တယ်တိုးဂိတ်၌ ပန်ညု ကျေးရွာမှ နောင်ချိုမြို့သို့ ညီညီထွန်း မောင်းနှင်လာသော ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၇ ဒသမ ၉၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ညနေပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့ ဝိန်းနေရပ်ကွက် မယ်ကော်(၁) ကျေးရွာသွားကားလမ်း နမ့်ခုတ်ချောင်းအနီးတွင် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ရွှေကူမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက် ည ၁၀ နာရီ ၅ မိနစ်တွင် ရွှေကူမြို့နယ် ညောင်ပင်ကွေ့ ကျေးရွာအနီး ညောင်ပင်ကွေ့-နုတ်ချိုကျေးရွာသွားလမ်းတွင် လှငြိမ်း မောင်းနှင်ပြီး နိုင်မြင့် လိုက်ပါလာသည့်ဆိုင်ကယ်နှင့် သက်လွင်ထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**


လှငြိမ်း၊ နိုင်မြင့်၊ သက်လွင်ထွန်း (ဝဲ မှ ယာ) တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၃၀၊ သွင်းကုန် ၂၄၄ စီး၊ ရန်ကုန် - မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၀၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၅၀၀ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် Amplifier Set (Used) (110 V) Without Sound Box (25 Set)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မင်းကင်းမြို့နယ်နှင့် ရေဦးမြို့နယ်တို့အား ဆက်သွယ်ပေးသည့် လမ်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၁၀**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စုနယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရွှေဘိုခရိုင် ရေဦးမြို့နယ် တောင်ပြင်ငယ်ကျေးရွာမှ ကလေးခရိုင် မင်းကင်းမြို့နယ် ဇင်ကလဲကျေးရွာသို့ ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းတွင် ဂျင်း/ကျောက်ရော မြေခင်းခြင်းလုပ်ငန်း (၂/၀)မိုင်၊ ဘေလီတံတားတစ်စင်း၊ သံကူကွန်ကရစ်တံတားတစ်စင်းတို့ကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း (၂/၂)မိုင် အပြီးသတ် ဂျင်း/ကျောက်ရော မြေခင်းခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်မည်ဖြစ်သောကြောင့် ကလေးခရိုင် မင်းကင်းမြို့နယ်နှင့် ရွှေဘိုခရိုင် ရေဦးမြို့နယ်ရှိ ကျေးရွာအုပ်စုရှစ်စု ကျေးရွာပေါင်း ၂၃ ရွာတို့မှ ဒေသခံပြည်သူများ ရာသီမရွေးမုံရွာမြို့သို့ လွယ်ကူစွာဖြင့် နေ့ချင်းပြန်ဆက်သွယ်သွားလာနိုင်ပြီး အိမ်ခြေပေါင်း ၄၇၆၂ အိမ်နှင့် လူဦးရေ ၂၁၄၀၄ ဦးတို့၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့အတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**

# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၁၀ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**ထက်လျှံ၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**အစီအစဉ်မှူး။** ။ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုဟာ ကမ္ဘာတစ်ဝန်းမှာ ဆက်လက်မြင့်တက်လျက်ရှိနေပြီး တချို့နိုင်ငံတွေမှာဆိုရင် ကိုဗစ်–၁၉ ရဲ့ တတိယလှိုင်းကို ရောက်နေပြီဖြစ်သလို ဥရောပနိုင်ငံတချို့မှာ ကူးစက်မှု စံချိန်တင်တာတွေ၊ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံ တချို့မှာ ကူးစက်မှု ဆက်လက်မြင့်တက်လျက်ရှိနေတာ တွေကို ကြားသိနေရပါတယ်။

မြန်မာနိုင်ငံမှာလည်း ကူးစက်မှုတွေဟာ အတိုင်း အတာတစ်ခုအထိပဲ ထိန်းချုပ်ထားနိုင်တာကြောင့် မိဘ ပြည်သူတွေအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လမ်းညွှန်ချက်တွေကို အခုထက်ပိုပြီး လိုက်နာ နေထိုင်ဖို့ လိုအပ်နေသေးသလို အပြင်မထွက်ဘဲ နေလို့ရတဲ့ ပြည်သူတွေဆိုရင်လည်း အတတ်နိုင်ဆုံး Stay at Home ဆက်လက်နေထိုင်ပေးကြဖို့ မေတ္တာရပ်ခံ တိုက်တွန်းပါတယ်။

### သတ္တာမမြောက်ရက်သတ္တပတ်

အခုဆိုရင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုတွေနဲ့အတူ ဆိုရှယ်မီဒီယာတွေမှာ ရောဂါနဲ့ပတ်သက်တဲ့ သတင်း အမှားဖြန့်ဝေမှုတွေ၊ ဆေးနည်းအမှားတွေ ပျံ့နှံ့နေတာ တွေလည်း တော်တော်များများ တွေ့မြင်နေရပါတယ်။ ဒါကြောင့် ပြည်သူတွေကြားမှာ ကိုဗစ်–၁၉ နဲ့ပတ်သက် လို့ မှန်ကန်တဲ့ သတင်းအချက်အလက်တွေ၊ လိုက်နာရမယ့် အရာတွေကို သိရှိနိုင်စေဖို့ မြန်မာနိုင်ငံရဲ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေမှာ ကိုယ်တိုင် ပါဝင်ဆောင်ရွက်လျက်ရှိနေတဲ့ ပါမောက္ခကြီး တွေ၊ သမားတော်ကြီးတွေက ပြည်သူတွေသိလိုတဲ့မေးခွန်း တွေကို အပတ်စဉ် ဖြေကြားဆွေးနွေးပေးနေတာ ဒီနေ့မှာ တော့ သတ္တာမမြောက်ရက်သတ္တပတ်ကို ရောက်ရှိလာပြီ ဖြစ်ပါတယ်။

ဒီနေ့ရဲ့ မေးခွန်းများ မေးမြန်း / ဖြေကြား ဆွေးနွေး မှုမှာ **ဆရာကြီး ဒေါက်တာသန်းဝင်း [ခေတ္တညွှန်ကြားရေး မှူးချုပ်(ငြိမ်း)၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြု အားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်]၊ ဆရာမ ဒေါက်တာ မျိုးမျိုးမွန် [ဒုတိယညွှန်ကြားရေးမှူး၊ (ဌာနခွဲမှူး/ ကူးစက် ရောဂါဗေဒသုတေသနဌာနခွဲ)၊ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)၊ တာဝန်ခံ National COVID–19 Call Centre]** တို့နဲ့အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် **ဆရာမကြီး ဒေါက်တာသန္တာလွင် [ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန]** က ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီနေ့ရဲ့ဆွေးနွေးမှုမှာ ပါဝင်ဆွေးနွေးပေးကြတဲ့ ဆရာကြီး၊ ဆရာမကြီးတို့ကို ကျေးဇူးတင်ပါတယ်။ ဒီနေ့ ရဲ့ ဆွေးနွေးမှုတွေ စတင်နိုင်ဖို့အတွက် ဆရာမကြီး ဒေါက်တာသန္တာလွင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာသန္တာလွင်။** ။ကျွန်မအနေနဲ့ ပထမဦးစွာ ဆရာကြီးဒေါက်တာသန်းဝင်း လက်ခံရရှိထားတဲ့ မေးခွန်း တွေထဲက ရွေးချယ်ပြီး ဖြေကြားပေးဖို့အတွက် ဖိတ်ခေါ်ပါ တယ်။

**ဒေါက်တာသန်းဝင်း။** ။ကိုဗစ်–၁၉ ဗိုင်းရပ်စ် ကူးစက် ခံရပြီး အနံ့ပျောက်တယ်။ ၄ / ၅ ရက်နေတော့ သူက ၄၀ ရာခိုင်နှုန်းလောက် အနံ့ နည်းနည်းပြန်ရလာတယ်။ ၁၀ ရက်ကျော်ပေမယ့် အနံ့ ပျောက်တာက လုံးဝမကောင်းသေးဘူး။ အဲဒီတော့ သူက စိုးရိမ်ပြီး သူ့ကိုယ်ထဲမှာ ကိုဗစ်–၁၉ ဗိုင်းရပ်စ်တွေရှိသေး လား။ နောက် သူများကို ကူးနိုင်သေးလား ဆိုပြီး မေးထား တာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဖြေရမယ်ဆိုရင် ကိုဗစ်–၁၉ ဗိုင်းရပ်စ်က ကိုယ်ခန္ဓာထဲကို ဝင်လာတယ်။ ရောဂါပျိုးရက် အတွင်းမှာ ပွားများပြီးတဲ့အခါ လူကိုစတင်ပြီး တိုက်ခိုက် လာတယ်။ စတင်တိုက်ခိုက်တဲ့အခါမှာ ဖျားမယ်၊ ချောင်းခြောက်ဆိုးမယ်၊ အသက်ရှူကျပ်မယ်၊ အနံ့ပျောက် မယ် ဒီလက္ခဏာတွေ စတင်ပေါ်လာတာကို ကျွန်တော် တို့က Onset of Symptoms လို့ သတ်မှတ်ပါတယ်။

အဲဒီကနေ ကိုဗစ်–၁၉ ကူးစက်ခံရပြီး Mild and Moderate လို့ခေါ်တဲ့ သိပ်ခပ်ဆိုးဆိုးကြီးလည်း မဟုတ် ဘူး၊ အသင့်အတင့်ပဲဖြစ်တဲ့ လူတွေရဲ့ ကိုယ်ခန္ဓာကနေ အခုလိုပဲ ရောဂါလက္ခဏာ စပေါ်တဲ့ ၁၀ ရက်နောက်ပိုင်းမှာ Swab ယူတယ်။ ပြီးရင် ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုးကို မွေးမြူ တယ်။ Culture လုပ်လို့ ရှိရင် မတွေ့တော့ပါဘူး။ သွေးချို ဆီးချိုတို့ရှိပြီး ကိုယ်ခံအားနည်းတဲ့၊ ပြင်းပြင်းထန်ထန် ခံစားရတဲ့လူနာတွေကျတော့ရောဂါလက္ခဏာတစ်ခုခုပေါ် ပြီး ၁၅ ရက်ကြာတဲ့ နောက်ပိုင်းမှာ သူ့ဆီကနေ Swab ယူတယ်။ ဗိုင်းရပ်စ်ကို မွေးလိုက်လို့ရှိရင် ဗိုင်းရပ်စ်ရဖို့က အလွန်အခွင့်အရေးနည်းပါတယ်။



**ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ဒေါက်တာသန္တာလွင်၊ ဒေါက်တာ သန်းဝင်းနှင့် ဒေါက်တာမျိုးမျိုးမွန်တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။**

### တခြားကူးစက်နိုင်ခြေမရှိ

အခုလက်ရှိ တွေ့ရှိချက်တွေအရ Onset of Symptoms ကနေစပြီး ရေတွက်လို့ရှိရင် ရက် ၂၀ ကျော်သွားရင် ဒီဗိုင်းရပ်စ် က လုံးဝမရှိတော့ဘူးဆိုတာ တွေ့ရပါတယ်။ မေးခွန်းကို ဖြေကြားရမယ်ဆိုရင် အနံ့ပျောက်တာဖြစ်တဲ့အတွက် သိပ်ပြင်းထန်တဲ့လက္ခဏာမဟုတ်ပါဘူး။ သာမန်ထဲမှာ ပါပါတယ်။ ဒီလို လူနာမျိုးက ၁၀ ရက်လည်း ကျော်ပြီဆိုရင် ခုနတွေ့ရှိချက်နဲ့ ဖြေကြားရမယ်ဆိုရင် သူ့ကိုယ်ထဲမှာ ဗိုင်းရပ်စ်က မရှိတော့ပါဘူး။ ဗိုင်းရပ်စ်မရှိတဲ့ အတွက်ကြောင့် တခြားသူကိုလည်း ကူးစက်နိုင်ဖို့ အခြေအနေမရှိပါဘူး။

တစ်ဆက်တည်းမှာပဲ သူက ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုးက ကိုယ်ထဲကို ဝင်သွားပြီဆိုတာနဲ့ တစ်ပြိုင်တည်း သူကရောဂါ လက္ခဏာ Onset of Symptoms မပေါ်ခင် ၂ ရက်နဲ့ ပေါ်ပြီး ၃ ရက် လောက်မှာ သူ့ကိုယ်ခန္ဓာထဲမှာ ဗိုင်းရပ်စ်က အပွား များဆုံးဖြစ်ပါတယ်။ အဲဒီအချိန်ကသာ လူကို အကူးဆုံးဖြစ်တဲ့ အတွက်ကြောင့်သတိထားပြီး ဆောင်ရွက်ရမယ်လို့မြင်ပါတယ်။

ခုနက လူနာအနေနဲ့ပတ်သက်ပြီးပြောချင်တာက သူက အနံ့ပျောက်တာ နည်းနည်းကျန်သေးတယ်။ ကျန်သေး တဲ့အတွက် သူ့ကို ပြန်ပြီးခေါ်ယူတဲ့ Follow–up Visit တွေမှာ ပြန်လည်ပြသပြီး သက်ဆိုင်ရာ သမားတော်ကြီးတွေ၊ ဆရာဝန်ကြီးတွေရဲ့ ကုသမှုကို ခံယူလိုက်မယ်ဆိုရင် မကြာ ခင်အချိန်အတွင်းမှာ အနံ့ပျောက်တာက တဖြည်းဖြည်းချင်း ပျောက်သွားမှာ ဖြစ်ပါတယ်။ သူကနေတစ်ဆင့် တခြား တစ်ယောက်ကို ကူးစက်ဖို့ အခြေအနေ မရှိဘူးလို့ ဖြေကြား လိုပါတယ်။

မေးခွန်းနံပါတ် (၂) က ကိုဗစ်–၁၉ ကူးစက်ခံရတယ်။ ပထမအကြိမ် ဖြစ်တယ်။ ရောဂါလုံးဝ သက်သာပျောက်ကင်း သွားတယ်။ ဒုတိယအကြိမ် Second Invent ပြန်ကူးနိုင် သလား ဆိုပြီး မေးထားတာဖြစ်ပါတယ်။

ကိုဗစ်–၁၉ ရောဂါပိုးက လူရဲ့ ခန္ဓာကိုယ်ထဲကို ဝင်သွား တာနဲ့ တစ်ပြိုင်နက်တည်း ကျွန်တော်တို့ရဲ့ ကိုယ်ခန္ဓာထဲမှာ ရှိတဲ့ ဝင်လာတဲ့ရောဂါပိုးကို တိုက်ဖျက်ဆန့်ကျင်တဲ့စနစ်ရဲ့ လုပ်ဆောင်မှုကို အနည်းငယ် ပြောပြလိုပါတယ်။ ဝင်လာတဲ့ ကိုဗစ်–၁၉ ရောဂါပိုးကို သတ်ဖြတ်ချေမှုန်းဖို့ ကိုယ်ခန္ဓာကနေ Antibody ထွက်ပါတယ်။ ဒီ Antibody က ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုးအတွက် သီးသန့်ဖြစ်ပြီး ဒီဗိုင်းရပ်စ်ပိုးကို သူက ချေမှုန်းလိုက်ပါတယ်။ ဒါကို Neutralizing Antibodies လို့ ခေါ်ပါတယ်။ အဲဒါက ကျွန်တော်တို့ ကိုယ်ခံအားမှာရှိတဲ့ အကောင်းဆုံးလည်း ဖြစ်တယ်။ စိတ်အချရဆုံး ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုး ဆန့်ကျင်တဲ့လုပ်ငန်းစဉ်ပဲ ဖြစ်ပါတယ်။

အခုကျွန်တော်တို့ အားလုံးမျှော်လင့်နေတဲ့ ကာကွယ် ဆေးကလည်း အဲဒီကာကွယ်ဆေးထိုးပြီး ကိုယ်ခန္ဓာထဲမှာ Neutralizing Antibodies ထွက်လာအောင် ကြိုးစားနေတာ ပဲ ဖြစ်ပါတယ်။ နံပါတ် (၂) ခုခံတိုက်ဖျက်တဲ့ နည်းလမ်းက ကျွန်တော်တို့ ကိုယ်ခန္ဓာထဲမှာ Cell တစ်မျိုးရှိပါတယ်။ ခုခံအားနဲ့ပတ်သက်ပြီး T–Cell လို့ ဆေးပညာမှာ ခေါ်ပါတယ်။

ဒီ T–Cell တွေကလည်း ကိုဗစ် – ၁၉ ကူးစက်တဲ့ Cell တွေကို ဖျက်ဆီးပစ်တာဖြစ်ပါတယ်။ သူက တိုက်ရိုက် ဗိုင်းရပ်စ်ကို မဟုတ်ဘဲ ကူးစက်ခံရတဲ့ Cell တွေကို ဖျက်ဆီး ပစ်တာ ဖြစ်ပါတယ်။ နောက်ဆုံး တတိယ ခုခံတိုက်ဖျက်တဲ့ နည်းလမ်းက မွေးရာပါ ဆန့်ကျင်တိုက်ဖျက်တဲ့ ကိုယ်ခံအား နဲ့ပဲ ကိုဗစ် – ၁၉ ဗိုင်းရပ်စ်ပိုးကို ဆန့်ကျင်တိုက်ခိုက်ပါတယ်။

အဲဒီလို ၃ နည်းနဲ့ ဝင်လာတဲ့ ကိုဗစ်–၁၉ ဗိုင်းရပ်စ်ကို ဆန့်ကျင်ပြီး ချေမှုန်းဖို့ ကိုယ်ခန္ဓာက ကြိုးစားတာ တစ်ဦးနဲ့ တစ်ဦးရဲ့ အနေအထားချင်းက မတူပါဘူး။ အချို့လူနာတွေ မှာ ခုနကပြောတဲ့ အင်မတန်ကောင်းတယ်၊ ထိရောက်တယ် ဆိုတဲ့ Neutralizing Antibodies တွေ ထွက်လာတယ်။ ဝင်လာတဲ့ ဗိုင်းရပ်စ်ပိုးတွေကို ချေမှုန်းလိုက်တဲ့အတွက် ကြောင့် လူနာက ပြန်ပြီးနေကောင်းသွားပါတယ်။ အဲဒါအပြင် တခြားသူအတွက်လည်း အကျိုးရှိပါတယ်။ ဒီ Antibodies သာ အများကြီးထွက်ရင် အားလုံးကြားဖူးကြမှာပါ Convalescent Plasma၊ သူ နေကောင်းလာတယ်၊ နာလန်ထ လာတဲ့အခါမှာ ဒီ Plasma ကိုယူပြီး တခြားလူနာကို သွင်းပေး ခြင်းဖြင့်လည်း တခြားလူနာမှာ အကျိုးရှိမှာဖြစ်ပါတယ်။

### ကိုယ်ခံအားနဲ့ သတ်ဖြတ်ပစ်

ဒါပေမယ့် လူနာတိုင်း အဲဒီလို ထွက်လားဆိုတော့ လူနာတိုင်း အဲဒီလိုမဟုတ်ပါဘူး။ တချို့ လူနာတွေကျတော့ Neutralizing Antibodies က တော်တော်နည်းနည်းပဲ ထွက်ပါတယ်။ မထွက်သလောက်ပဲရှိတဲ့ လူနာတွေ ရှိတယ်။ ဘယ်လိုလူနာတွေ အများစုလဲဆိုရင် ရောဂါလက္ခဏာ မပြင်းထန်ဘဲနဲ့ ခပ်ပျော့ပျော့ ခံစားရတဲ့ လူနာတွေဖြစ်ပါ တယ်။ ဒါပေမယ့် ဒီလူနာတွေကလည်း ကိုဗစ်–၁၉ ဗိုင်းရပ်စ် ရောဂါကို ပျောက်သွားတဲ့သူတွေ ဖြစ်ပါတယ်။ ဒါ ဘယ်လို ပျောက်လဲဆိုရင် ခုနက ရှင်းပြခဲ့တဲ့အတိုင်းပဲ ဒုတိယ နည်းလမ်းဖြစ်တဲ့ T–Cell တွေကပဲ ဗိုင်းရပ်စ်ပိုးကူးတဲ့ Cell တွေကို သတ်ဖြတ်ပစ်တယ်။ နောက် နံပါတ်(၃) ဖြစ်တဲ့ General Defense Mechanism လို့ခေါ်တဲ့ လူ့ကိုယ်ခံအားနဲ့ သတ်ဖြတ်ပစ်လိုက်တာ ဖြစ်ပါတယ်။ အဲဒီလိုနည်းနဲ့ သူက ပြန်ပြီးကောင်းသွားတာ ဖြစ်ပါတယ်။

ယနေ့အထိ ကမ္ဘာမှာရှိတဲ့ နိုင်ငံအသီးသီးမှာ ပထမ ကောင်းသွားပြီး ဒုတိယ တစ်ခါပြန်ဖြစ်တဲ့ ဖြစ်စဉ်တွေရှိပါ တယ်။ ဒါပေမယ့် အင်မတန် အရေအတွက် နည်းပါးပါတယ်။ အဲဒီလူတွေက ဘာကြောင့် ပြန်ဖြစ်တာလဲဆိုရင် Neutralizing Antibodies ထွက်တယ်။ ဒါပေမယ့် ရက်ကြာကြာ မနေ လို့လား။ ရက်ကြာကြာ မခံလို့လား။ ဒါမှမဟုတ်ရင် ခုနက ပြောသလို နည်းနည်းပဲ ထွက်တယ်။ မထွက်သလောက်ပဲ ဖြစ်တယ်။ အဲဒါတွေကြောင့်လား။ ဒါမှမဟုတ်ရင် ကိုဗစ်– ၁၉ ဗိုင်းရပ်စ်က New Strain ဖြစ်သလားဆိုပြီး လတ်တလော အခြေအနေအထိက လေ့လာတုန်း ဖြစ်တဲ့အတွက်ကြောင့် အတိအကျ ပြောဖို့ ခက်ပါတယ်။

အကြမ်းဖျင်းအားဖြင့် ဒီမေးခွန်းကို ဖြေကြားရမယ် ဆိုရင် ပထမဆုံးအကြိမ် ကူးစက်ခံရတယ် ကောင်းသွား တယ်။ **ဒုတိယအကြိမ် ကိုဗစ်–၁၉ ဗိုင်းရပ်စ် ကူးစက်ခံရနိုင် ခြေရှိပေမယ့် ကူးစက်နိုင်ခြေ အင်မတန် နည်းပါးပါတယ်** လို့ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။

**ဒေါက်တာသန္တာလွင်။** ။မေးခွန်းတွေထဲမှာတော့ Contact Person ထိတွေ့တဲ့လူနဲ့ ပတ်သက်လို့ သူတို့ကို Quarantine ဘယ်လိုလုပ်သလဲ၊ လူနာအနေနဲ့ Quarantine Center ကနေ ဆင်းလာပြီးရင် Home Stay ဘယ်လိုနေရလဲဆိုတဲ့ မေးမြန်းထားတဲ့ မေးခွန်းတွေကို ကျွန်မက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

မိမိကော၊ ပိုးတွေ့လူနာကော Mask ကိုယ်စီတပ် ထားပြီး ၆ ပေအကွာကနေ စကားပြောဆိုခဲ့ရင် Contact Person လို့ သတ်မှတ်ပြီး Quarantine ဝင်ရမှာလား ဆိုတဲ့ မေးခွန်းနဲ့ Contact Person လို့ သတ်မှတ်ချက်နဲ့ ပတ်သက်ပြီး သိလိုလို့ မေးမြန်းထားတဲ့ မေးခွန်းကို ကျွန်မ ဖြေကြားပေးပါမယ်။

ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာနဲ့ အနီး ကပ်ထိတွေ့နေထိုင်သူတွေကို Close Contact တွေလို့ ကျွန်မတို့ သတ်မှတ်ပါတယ်။ အဲဒီသူတွေကို ကျွန်မတို့က ရှာဖွေပြီး အသွားအလာထိန်းသိမ်းပြီး စောင့်ကြပ်ကြည့်ရှု ရမှာဖြစ်တဲ့အတွက် ဒီလူတွေဟာ မည်သူတွေလဲဆိုတာကို **အချက်အလက်တွေနဲ့ ဖော်ပြချင်တာဖြစ်ပါတယ်။**

လူနာနဲ့ အနီးကပ်ထိတွေ့နေထိုင်သူဆိုသည်မှာ လူနာရောဂါလက္ခဏာမပြမီ ၂ ရက်နဲ့ ရောဂါ လက္ခဏာ ပြပြီး ၁၄ ရက်အတွင်းမှာ အနီးကပ်ထိတွေ့ခဲ့သူတွေကို ဆိုလိုတာ ဖြစ်ပါတယ်။ အနီးကပ်ထိတွေ့တဲ့သူတွေကို ထပ်ပြီးခွဲခြားကြည့်မယ်ဆိုရင် ရောဂါကာကွယ်ရေး ပစ္စည်းတွေဖြစ်တဲ့ Mask အသုံးပြုထားခြင်းမရှိဘဲနဲ့ ခုနက ကိုဗစ်–၁၉ လူနာကို ထိတွေ့ပြုစုခဲ့တဲ့ ကျန်းမာရေး ဝန်ထမ်းသော်လည်းကောင်း၊ အတူနေ မိသားစုဝင်တွေ သော်လည်းကောင်း၊ လူနာနဲ့ နေရာတစ်ခုတည်းမှာ အနီး ကပ်နေထိုင်ခဲ့ရင် မိသားစုဝင်တွေသော်လည်းကောင်း၊ နီးကပ်စွာနဲ့ အခြားမိသားစုဝင်တွေ၊ ဧည့်သည်တွေ၊ အိမ်နီးနားချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ အတန်းတက် ဖော်ကျောင်းသားတွေ စသဖြင့် ဒီလိုထိတွေ့သူတွေကို ဆိုလိုပါတယ်။

### အနီးကပ်ထိတွေ့သူအုပ်စု

ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ သို့မဟုတ် ကိုဗစ်–၁၉ ဖြစ်နိုင်ခြေရှိတဲ့ လူနာနဲ့အကွာအဝေး တစ်မီတာအတွင်းမှာ အချိန် ၁၅ မိနစ်ကျော်ခန့် မျက်နှာ ချင်းဆိုင် ထိတွေ့ခဲ့သူတွေလည်း အကျုံးဝင်ပါတယ်။ ဒ့ါအပြင် လေယာဉ်ပျံ၊ ကား၊ ရထား၊ သင်္ဘောတွေမှာ လူနာနဲ့ တစ်မီတာအတွင်းမှာ အတူတကွ စီးနင်းလိုက်ပါ လာကြတဲ့ သူတွေကိုလည်း ကျွန်မတို့အနေနဲ့ သတ်မှတ် ထားပါတယ်။ နောက်ပြီး အလုံပိတ်ထားတဲ့ အခန်းတစ်ခု အထဲမှာ လူနာနဲ့ အနည်းဆုံး ၂ နာရီခန့်အတူ ရှိနေခဲ့တဲ့ သူတွေဆိုရင်လည်း အနီးကပ်ထိတွေ့သူများဆိုတဲ့ အုပ်စု ထဲကို အကျုံးဝင်သွားမှာ ဖြစ်ပါတယ်။ ဒီလို Close Contact လို့ခေါ်တဲ့ လူနာနဲ့ အနီးကပ်ထိတွေ့သူတွေကို လက်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လုပ်ငန်း လမ်းညွှန်တွေအရ သတ်မှတ်ထားတဲ့နေရာ Facility Quarantine တစ်ခုခုမှာ အသွားအလာကန့်သတ်ပြီး ထားရှိမယ်။ ပြီးရင် ဓာတ်ခွဲနမူနာ ရယူပြီး စစ်ဆေးပေးမှာ ဖြစ်ပါတယ်။

ဓာတ်ခွဲအတည်ပြုလူနာနဲ့ ဆင့်ပွားထိတွေ့ထားတဲ့ သူကို Secondary Contact လို့ ခေါ်ပါတယ်။ အဲဒီ Secondary Contact ကို မိမိရဲ့ နေအိမ်မှာ အသွားအလာ ကန့်သတ်နေထိုင်စေပြီး ရောဂါလက္ခဏာတွေ ပေါ်ပေါက် လာခြင်း ရှိ / မရှိကို စောင့်ကြပ်ကြည့်ရှုပေးပါတယ်။ ဒါကြောင့် မေးခွန်းထဲ မှာပါသလို အိမ်မှာပဲ နေလို့မရဘူး လား၊ အိမ်မှာပဲနေရင် အစစအရာရာ ကုန်ကျစရိတ် သက်သာတယ်။ Quarantine Center မှာဆိုရင် တာဝန် ယူရမယ့် လူအင်အားလည်းလိုမယ်။ ကျွေးမွေးဖို့ အတွက် ငွေအင်အားလည်းလိုတယ် စသဖြင့် ကုန်ကျစရိတ်တွေရှိ နိုင်တယ်။ အိမ်မှာပဲ နေခိုင်းလို့မရဘူးလား ဆိုတဲ့ တစ်ဆက် တည်း မေးခွန်းကို ဒီနေရာမှာ ဖြေကြားချင်ပါတယ်။

ကျွန်မတို့မှာ အရင်းအမြစ်တွေက အကန့်အသတ် ရှိပါတယ်။ ဒါပေမယ့် စိတ်ချယုံကြည်ရမှု အနေအထား တွေက အိမ်မှာဆိုရင် ၆ ပေအကွာအဝေးနဲ့ တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်းတွေကို တစ်သမတ်တည်းသုံးစွဲ ပြီး အိမ်သားတွေနဲ့ ခွဲခြားနေထိုင်ဖို့ အခက်အခဲရှိနိုင်တာ တွေဖြစ်တဲ့အတွက် Facility Quarantine Center တွေ ကို ဖော်ဆောင်ပြီး ဆက်လက်ဆောင်ရွက်နေရဆဲဖြစ် ကြောင်း ဖြေကြားလိုပါတယ်။ ဒါကြောင့် ပြည်သူတွေ အနေနဲ့လည်း ကိုဗစ်–၁၉ ရောဂါပိုး ကူးစက်ခံရမှုမရှိစေ ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ လုပ်ငန်းလမ်းညွှန်တွေကို လိုက်နာပေး ဖို့ လိုပါတယ်။

နောက်မေးခွန်းတစ်ခုက Treatment Center ပေါ်ပေါက်လာတဲ့ စင်တာတွေအနေနဲ့ ၁၄ ခု အထိရှိပါ တယ်။ အဲဒီမှာ ကျွန်မတို့ ပိုးတွေ့လူနာတွေထားခဲ့တယ်။ ၁၀ ရက်မှာ ဆေးရုံက ဆင်းပေးလိုက်တယ်။ ပြီးတော့ အိမ်မှာ ခုနစ်ရက်ဆက်ပြီး Home Quarantine ထားရှိ ပါတယ်။

စာမျက်နှာ ၁၅ သို့ ❖

❖ စာမျက်နှာ ၁၄ မှ

အဲဒီလိုလုပ်ပြီး သူဟာ ဘယ်အချိန်ကျရင် ရုံးပြန်တက်ရမှာလဲ။ မိသားစုဝင်တွေနဲ့ရော ထိတွေ့မှုရှိလို့ ရပါပြီလား ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်မတို့ရဲ့ Reference ဖြစ်တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ ကိုဗစ် – ၁၉ ရောဂါပိုး ကူးစက်ခံရသူသည် ရောဂါလက္ခဏာပြသခြင်းမရှိတဲ့ လူတွေအနေနဲ့ ၁၁ ရက်နောက်ပိုင်းမှာတော့ အခြားသူတွေကို ရောဂါမကူးစက်နိုင်တော့တဲ့အတွက် ကိုဗစ်စင်တာကသော်လည်းကောင်း၊ ဆေးရုံကသော်လည်းကောင်း ဆေးရုံဆင်းခွင့်ပြုပါတယ်။

ဒါပေမယ့် ကိုဗစ် – ၁၉ ရောဂါပိုး ကူးစက်ခံထားရပြီး ဆေးရုံကဆင်းလာသူတွေကို မိမိတို့နေအိမ်မှာ ခုနစ်ရက် ဆက်လက်ပြီး အသွားအလာကန့်သတ်နေထိုင်ဖို့ ညွှန်ကြားခဲ့ပါတယ်။ အဲဒီအတိုင်း လိုက်နာဆောင်ရွက်ပြီးပြီဆိုရင်တော့ သက်ဆိုင်ရာလုပ်ငန်းခွင်ကို အလုပ်ပြန်လည်ဝင်ရောက်နိုင်မှာ ဖြစ်ပါတယ်။ မိမိနေအိမ်မှာ ခုနစ်ရက်နေရမယ့် အသွားအလာကန့်သတ်နေထိုင်စဉ် အတွင်းမှာ တစ်ဦးတည်း သီးသန့်နေထိုင်ရမယ်။ အိမ်သားတွေနဲ့ အနည်းဆုံး ခြောက်ပေအကွာမှာ ရှိရမယ်။ စကားပြောဆိုခြင်း၊ ထမင်းအတူစားခြင်း မပြုလုပ်သင့်ပါဘူး။ Mask ကိုလည်း အမြဲတမ်းတပ်ဆင်ပြီး လက်ကိုရေနဲ့ ဆပ်ပြာနဲ့ စက္ကန့် ၂၀ သို့မဟုတ် အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းပါတဲ့ လက်သန့်စင်ဆေးရည်နဲ့ မကြာခဏ ဆေးကြောပေးဖို့ လိုအပ်ပါတယ်လို့ ပြန်လည်ဖြေကြားလိုပါတယ်။

တတိယမေးခွန်းက ကိုဗစ်ကာလမှာ စာအုပ်ဖတ်ချင်ပါတယ်။ ဒီစာအုပ်စာရွက်တွေအပေါ်မှာ ပိုးပါလာရင် ပိုးက ဆက်လက်ရှင်သန်နေမှာလားဆိုတာ စိတ်ပူတဲ့သူရှိပါတယ်။ ဈေးသွားတယ်၊ ပိုက်ဆံအမ်းလိုက်တဲ့အခါ လက်ထဲပြန်ယူလာတဲ့ ပိုက်ဆံကနေ ရောဂါများ ကူးနိုင်သလားဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။

**ဆပ်ပြာနဲ့ရေ သုံးပြီး ပိုးသန့်နိုင်**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်တဲ့ ကိုဗစ် – ၁၉ ပိုးက ကြေးနီအပေါ်မှာ လေးနာရီခန့်၊ သတ္တုပြားပေါ်မှာ ၂၄ နာရီခန့်၊ ပလတ်စတစ်နဲ့ သတ္တုပေါ်မှာ ၇၂ နာရီခန့်ရှင်သန်နိုင်တယ်ဆိုပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားပါတယ်။ ဒါကြောင့် အရာဝတ္ထုတွေ၊ မျက်နှာပြင်တွေပေါ်မှာ ကပ်ငြိရှင်သန်နိုင်တဲ့ ရောဂါပိုးတွေကို အစွန်းချွတ်ဆေးရည်၊ အစွန်းချွတ်ဆေးမှုန့်အရည်ဖျော်ပြီး ပက်ဖျန်းဆေးကြောခြင်းနဲ့ ၇၀ ရာခိုင်နှုန်း အီသိုင်းအယ်လ်ကိုဟော အသုံးပြုခြင်း ဒါမှမဟုတ် အလွယ်ကူဆုံးနဲ့ အရိုးရှင်းဆုံးဖြစ်တဲ့ ဆပ်ပြာနဲ့ရေကို အသုံးပြုပြီးတော့ ပိုးသတ်သန့်စင်နိုင်ပါတယ်ဆိုပြီး US CDC နဲ့ WHO က ထုတ်ပြန်ထားပါတယ်။

နောက်ဆုံးမေးခွန်းက လေကတစ်ဆင့် ကူးစက်နိုင်သလားဆိုတာ ဖြစ်ပါတယ်။ ကျွန်မတို့ တွေ့ရှိချက်အရ အဓိက ကူးစက်နိုင်တာက အသက်ရှူလမ်းကြောင်းက ထွက်လာတဲ့အမှုန် Respiratory Droplets တွေကတစ်ဆင့် ကူးပါတယ်။ ရောဂါရှိတဲ့သူနဲ့ အနီးကပ်ထိတွေ့နေတဲ့သူတွေ ကူးနိုင်ပါတယ်။ အဲဒီလို အနီးကပ်ကူးစက်ခံရသူကတစ်ဆင့် ထပ်မံထွက်ရှိလာတဲ့ အသက်ရှူလမ်းကြောင်းက ထွက်လာတဲ့အမှုန်တွေကနေ ဆင့်ပွားဆင့်ပွား တစ်ဦးကနေတစ်ဦး ထပ်မံပြီး ကူးစက်နိုင်တာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်မတို့က လူတစ်ဦးနဲ့တစ်ဦး အနည်းဆုံး ခြောက်ပေခွာပြီး စကားပြောဆိုခြင်းပြုပါ။ Mask ကိုလည်း အမြဲတမ်းတပ်ဆင်ပါလို့ ပြောခြင်းဖြစ်ပါတယ်။ အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် ကူးစက်နိုင်တဲ့အတွက် ကျန်းမာရေးအသိပညာပေး အချက်အလက်တွေထဲမှာ ဖော်ပြထားချက်ကို ထပ်မံပြီး တင်ပြလိုပါတယ်။

အဲဒါက အသက်ရှူထုတ်ခြင်းနဲ့ အကွာအဝေး ငါးပေခန့်အထိကို အမှုန်အမွှားနဲ့အတူတူ ရောဂါပိုးက ရောက်ရှိနိုင်ပါတယ်။ ချောင်းဆိုးခြင်းအားဖြင့် တစ်စက္ကန့်မှာ ၃၃ ပေနှုန်းအရှိန်နဲ့ ခြောက်ပေခွဲအထိ ရောက်ရှိနိုင်တာဖြစ်ပါတယ်။ နှာချေခဲ့မယ်ဆိုရင် တစ်စက္ကန့်မှာ ၁၆၄ ပေနှုန်းနဲ့ ၁၉ ပေခွဲကျော် အကွာအဝေးအထိ အမှုန်အမွှားနဲ့ အတူတူ ရောဂါပိုးက ရောက်ရှိနိုင်ပါတယ်ဆိုတာ အချက်အလက်တွေအပေါ်မှာ မူတည်ပြီး စကားပြောခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းတွေဟာ ရောဂါရှိတဲ့လူသာ ဖြစ်ခဲ့ရင် ဘေးပတ်ဝန်းကျင်ကို ကူးစက်သွားနိုင်တဲ့ အခြေအနေရှိပါတယ်ဆိုတာ တင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့ ကျွန်မတို့ရဲ့ National Covid-19 Call Center ကို ဦးဆောင် တာဝန်ယူဆောင်ရွက်ပေးနေတဲ့ ဒေါက်တာမျိုးမျိုးမွန်က မေးခွန်းတွေကို ဖြေကြားပေးမှာ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးမျိုးမွန်။** ။ အခုလို ဆွေးနွေးပွဲမှာ ကျွန်မကို ပါဝင်ခွင့်ပေးတဲ့အတွက်လည်း အများကြီး ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ကျွန်မတို့ရဲ့ ရည်ရွယ်ချက်ကတော့ ကိုဗစ် – ၁၉ နဲ့ဆိုင်တဲ့၊ ပတ်သက်တဲ့ အကြောင်းအရာတွေ၊ ကျန်းမာရေး ဗဟုသုတတွေ၊ သတင်းအချက်အလက်တွေကို ပြည်သူလူထုကြားကို မှန်မှန်ကန်ကန်နဲ့ သတင်းအမှားတွေကို တတ်နိုင်သရွေ့ မပြန့်အောင် ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ခွင့်ပြုချက်နဲ့ ဧပြီ ၉ ရက်က စပြီးဆောင်ရွက်ခဲ့တယ်။ ဧပြီ ၉ ရက်ကစပြီး နေ့စဉ်နံနက် ၈ နာရီကနေ ည ၈ နာရီအထိ ဆရာဝန်တွေက တိုက်ရိုက်ဖြေကြားပေးပါတယ်။ ဖြေကြားပေးတာက စနစ် နှစ်ခုနဲ့ပါ။ တစ်ခုကတော့ 2019 ကို ခေါ်လိုက်ရင် စက်ကနေ အစကတည်းက Record လုပ်ထားတဲ့ အသံတွေကို ဖြေကြားပေးတာရှိသလို ဆရာဝန်က တိုက်ရိုက်ဖြေကြားပေးတာ နှစ်မျိုးရှိပါတယ်။

ဆရာဝန် တိုက်ရိုက်ဖြေပေးတာက စဖွင့်ကတည်းက နေ့စဉ်နံနက် ၈ နာရီကနေ ည ၈ နာရီအထိ ကျွန်မတို့ ဂျူတီတွေနဲ့ အဆိုင်းမန့်တွေခွဲပြီး ဖြေပေးပါတယ်။ နောက်ပြီး ဇွန် ၂၃ ရက်နောက်ပိုင်းကစပြီး နေ့စဉ်နံနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိ ဖြေကြားပေးတယ်။ စက်ကနေ ဖြေကြားပေးတာက ၂၄ နာရီပတ်လုံး နေ့စဉ် မေးလို့ရပါတယ်။

စစချင်းမှာတော့ ရောဂါအကြောင်းသိချင်ကြလို့ ရောဂါအကြောင်းတွေကို ကျွန်မတို့က တတ်နိုင်သရွေ့ လူတွေသိဖို့ ပညာပေးနိုင်ခဲ့တယ်။ ကျွန်မတို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့အချက်

> ○ **ကိုဗစ် - ၁၉ ရောဂါပိုး ကူးစက်ခံထားရပြီး ဆေးရုံကဆင်းလာသူတွေကို မိမိတို့နေအိမ်မှာ ခုနစ်ရက် ဆက်လက်ပြီး အသွားအလာကန့်သတ်နေထိုင်ဖို့ ညွှန်ကြားခဲ့ပါတယ်။ အဲဒီအတိုင်း လိုက်နာဆောင်ရွက်ပြီးပြီဆိုရင်တော့ သက်ဆိုင်ရာလုပ်ငန်းခွင်ကို အလုပ်ပြန်လည်ဝင်ရောက်နိုင်မှာ ဖြစ်ပါတယ်။ မိမိနေအိမ်မှာ ခုနစ်ရက်နေရမယ့် အသွားအလာကန့်သတ်နေထိုင်စဉ် အတွင်းမှာ တစ်ဦးတည်း သီးသန့်နေထိုင်ရမယ်။ အိမ်သားတွေနဲ့ အနည်းဆုံး ခြောက်ပေအကွာမှာ ရှိရမယ်။ စကားပြောဆိုခြင်း၊ ထမင်းအတူစားခြင်း မပြုလုပ်သင့်ပါဘူး။ Mask ကိုလည်း အမြဲတမ်းတပ်ဆင်ပြီး လက်ကို ရေနဲ့ ဆပ်ပြာနဲ့ စက္ကန့် ၂၀ သို့မဟုတ် အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းပါတဲ့ လက်သန့်စင်ဆေးရည်နဲ့ မကြာခဏ ဆေးကြောပေးဖို့ လိုအပ်ပါတယ်**

တွေကို အခြေခံပြီး Manual လုပ်ထားပါတယ်။ မေးနိုင်တဲ့ မေးခွန်းတွေကို ကြိုတင်စုဆောင်းထားပါတယ်။ ကျွန်မတို့ အချင်းချင်းတိုင်ပင်ပါတယ်။ ယုံကြည်စိတ်ချရတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဝက်ဘ်ဆိုက်တွေ၊ ယုံကြည်စိတ်ချရတဲ့ သတင်းဌာနတွေ၊ အဓိကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်တွေနဲ့ ကျွန်မတို့ ဖြေကြားပေးပါတယ်။

ဒီလို ဖြေကြားပေးရာမှာ ကျွန်မတို့သည် ဖုန်းကနေ အလွယ်တကူမေးလို့ရတယ်၊ ဖြေလို့ရတယ်။ အင်တာနက် အဆက်အသွယ်မရှိတဲ့ နေရာတွေ၊ အင်တာနက်လိုင်းမမိတဲ့ နေရာတွေ၊ ဝေးလံခေါင်ဖျားတဲ့ဒေသတွေ၊ အဲဒီလိုနေရာက လူတွေပါ ကျွန်မတို့ဆီကို မေးနိုင်တယ်။ First Wave ကနေ အခုအချိန်အထိကို ကျွန်မတို့ဆီကို တောက်လျှောက် ဝေးလံခေါင်ဖျားတဲ့ဒေသတွေက ဆက်သွယ်မေးမြန်းတာတွေကို ဖြေခဲ့ရပါတယ်။

အထူးသဖြင့် အသက်ကြီးပိုင်းတွေ၊ အပြင်သိပ်မထွက်နိုင်တဲ့သူတွေ၊ အသက် ၁၀ နှစ် ပတ်ဝန်းကျင်ကလေးတွေ ကျွန်မတို့ဆီကို အများကြီးမေးကြတယ်။ အဲဒါတွေကို ဖြေကြားပေးနိုင်တာကို ကျွန်မတို့ အဖွဲ့သားတွေက ကျေနပ်တယ်၊ အားရတယ်။ နောက်တစ်ခုက ကျွန်မတို့အနေနဲ့ ဘာသာစကားမှာလည်း စက်တင်ဘာလဆန်းပိုင်းကစပြီး ရခိုင်မှာ ဩဂုတ်လလယ်၊ ဒုတိယ Wave စတဲ့အချိန်၊ ရခိုင်ဘက်မှာ အဖြစ်များလာတော့ ရခိုင်ဘက်က ခေါ်ဆိုမှုတွေ များလာတယ်။

အဲဒီအခါမှာ တစ်ခါတစ်ရံ ဘာသာစကား အခက်အခဲ ရှိပါတယ်။ အဲဒီအတွက် စက်တင်ဘာ ၂ ရက်ကစပြီး ရခိုင်ဘာသာစကားနဲ့ ဖြေဆိုပေးတာကို ထပ်ထည့်လိုက်တယ်။ အဲဒါကတော့ ဆရာဝန်နဲ့ တိုက်ရိုက်မေးတာတော့ မဟုတ်ဘူး။ ဒါပေမယ့် အမေးများတဲ့ မေးခွန်းတွေကို ကျွန်မတို့ ရခိုင်ဘာသာစကားနဲ့ အသံသွင်းထားပြီး ဖြေကြားပေးတာဖြစ်တယ်။

ဒါကလည်း ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေမှာ အများကြီး အကျိုးရှိတယ်လို့ ယူဆပါတယ်။ ရခိုင်ဒေသဘက်ကခေါ်ဆိုမှု စုစုပေါင်းက ဒေသအလိုက်ပြောမယ်ဆိုရင် တတိယနေရာက လိုက်ပါတယ်။ အစပိုင်းကတော့ ရောဂါလက္ခဏာအကြောင်းနဲ့ ကာကွယ် ကုသနည်းတွေ မေးတယ်။ အခုနောက်ပိုင်း Second Wave စပြီး တစ်လလောက်ကြာတော့ အများစုက သူတို့ကိုယ်တိုင်နဲ့ သူတို့မိသားစုဝင်တွေ၊ သူတို့အသိုင်းအဝိုင်းတွေမှာ အနံ့ပျောက်တာကို စပြီးခံစားလာရတယ်။

ဒီလိုခံစားလာရပြီး သူတို့ဘာဆက်လုပ်ရမလဲဆိုတာ ကျွန်မတို့ကို မေးတယ်။ သွားနေကျ ဆေးခန်းတွေ သွားလို့မရတော့ဘူး။ ဆေးခန်းတွေ အများစုက ပိတ်ထားကြပြီ။ အဲဒီအချိန်မှာ သူတို့အနေနဲ့ အားကိုးတကြီးဆက်ပြီး မေးတယ်။ သူတို့တော့ ဒီလိုဖြစ်နေပြီ၊ ဘယ်နေရာကိုသွားသင့်သလဲ။ ဘယ်သူ့ကို ဆက်သွယ်ဆောင်ရွက်ရမယ်ဆိုတာတွေကို မေးပါတယ်။

အဲဒီတော့ ကျွန်မတို့မှာလည်း အမြဲတမ်း ဘယ်လိုသတင်းတွေကို Update လုပ်ရသလဲဆိုတော့ ဥပမာ ပထမလှိုင်းကတည်းက Fever Clinic တွေ ဖွင့်တယ်။ Fever Clinic တွေရှိတဲ့နေရာ သတင်းတွေ အကုန်လုံးစုစည်းရတယ်။ သူတို့ကို ဖြေပေးရတယ်။ ပထမပိုင်းမှာ Fever နဲ့လာရင် Fever Clinic တွေကို လွှတ်ရတယ်။

နောက်ပိုင်းမှာ အနံ့ပျောက်စင်တာတွေ မြို့နယ်အလိုက် လုပ်နေပြီဆိုတဲ့ သတင်းရပြီဆိုရင် ကျွန်မတို့က ထပ်ပြီးစုံစမ်းရတယ်။ စုံစမ်းပြီး အနံ့ပျောက်တဲ့ လူနာတွေ သူတို့က ဘယ်သွားရမလဲ၊ ဘာလုပ်ရမလဲဆိုရင် ကျွန်မတို့က ဖြစ်နိုင်ခြေလမ်းကြောင်းတွေကို ပြောပြရပါတယ်။

ကျွန်မတို့အနေနဲ့ အခက်အခဲတစ်ခုကတော့ အတိအကျပြောကြတဲ့နေရာမှာ တစ်ခါတစ်ရံမှာ နည်းနည်းလွဲချော်မှုလေးတွေ ရှိတတ်ပါတယ်။ ဥပမာ – ကျွန်မတို့က ဒီမြို့နယ်က မြို့နယ်ကျန်းမာရေးဆရာဝန်ကြီးရဲ့ ဖုန်းနံပါတ်ကို ပေးလိုက်မယ်။ ဒါပေမယ့် အဲဒီမြို့နယ်ကျန်းမာရေးဆရာဝန်ကြီးက အဲဒီအချိန်မှာ တအားအလုပ်ရှုပ်တဲ့ အချိန်တွေ ဖြစ်နေမယ်၊ ဖုန်းခေါ်တာတွေကို မဖြေနိုင်တဲ့ အနေအထားမျိုးတွေ ရှိတတ်ပါတယ်။

ဒါမျိုးတွေဆိုရင် သူတို့က နောက်တစ်ကျော့ ပြန်ခေါ်ပြီး ကျွန်မတို့ကို ပြန်မေးတယ်။ သူတို့တော့ ဖုန်းခေါ်လို့မရဘူး ဆိုပြီး စသဖြင့် ဒါမျိုးတွေဆိုရင်လည်း ကျွန်မတို့ လမ်းကြောင်းကတော့ ကျန်းမာရေးဌာန၊ အုပ်ချုပ်ရေးဌာန ဖြစ်ပါတယ်။ သူ့ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အလိုက် အုပ်ချုပ်ရေးမှူးတွေကို အသိပေးရပါမယ်။ အသိပေးပြီးရင် ဒီရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကတော့ မြို့နယ်ဆရာဝန်ကြီးတွေနဲ့ အမြဲ အဆက်အသွယ်ရှိတဲ့အတွက် ဒီလို လမ်းကြောင်းကနေ လုပ်ပါ၊ ဒီလိုလမ်းကြောင်းကနေ သွားပါလို့ ဖြေရပါတယ်။

အဲဒီမတိုင်ခင် စင်တာတစ်ခုခုကို မရောက်ခင်မှာတော့ အိမ်မှာ ဘယ်လိုကာကွယ်ပြီး မိသားစုဝင်နဲ့ ဘေးပတ်ဝန်းကျင်ကို ထပ်မကူးအောင် ဘယ်လိုနေထိုင်ရမယ်ဆိုတာကို သေသေချာချာ ပညာပေးနှစ်သိမ့်ဆွေးနွေးပေးနိုင်ပါတယ်။

နောက်တစ်ခု အမေးများတဲ့ အကြောင်းအရာကတော့ Quarantine Site တွေမှာ လူတွေ တဖြည်းဖြည်း များလာတယ်။ ကွာရန်တင်းစင်တာမှာ နေရင်းနဲ့ သူတို့မျှော်လင့်ချက်တွေနဲ့ တစ်ခါတလေ မကိုက်ညီတဲ့ အချက်အလက်တွေရှိရင်လည်း ကျွန်မတို့ကို လှမ်းဖုန်းဆက်ပြီး ပြောတာမျိုး၊ တိုင်ပင်တာမျိုးတွေရှိပါတယ်။

အဲဒီအခါမှာလည်း ကျွန်မတို့ ဘာကို သတိထားပြီး ဖြေပေးရသလဲဆိုတော့ တကယ်တော့ ရှေ့တန်းမှာ အလုပ်လုပ်နေကြတဲ့ ဆေးရုံက ကျွန်မတို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ၊ နောက်ပြီး Quarantine Site တွေမှာ လုပ်ဆောင်နေတဲ့ လမ်းကြောင်းနဲ့ လွဲချော်မသွားအောင် ကျွန်မတို့ဘက်က သတင်းတွေ အပိုပြောမိတာတွေ၊ ခန့်မှန်းပြီး ပြောမိတာတွေ မဖြစ်အောင် တတ်နိုင်သရွေ့ သတိထားပြီး သူတို့ကိုလည်း နှစ်သိမ့်ပေးရင်းနဲ့ သူတို့ကလည်း ဆရာဝန်တစ်ယောက်နဲ့ ပြောလိုက်ရတယ် ဆိုရင် အဓိကတော့ သူတို့က ဆရာဝန်နဲ့ တွေ့ချင်တာ၊ ဆရာဝန်နဲ့ စကားပြောချင်တာတွေ ဖြစ်တဲ့အတွက် ကျွန်မတို့က ဆရာဝန်အနေနဲ့ လက်ခံနားထောင်ပေးလိုက်တယ်၊ ပြောလိုက်တယ်၊ နှစ်သိမ့်ပြီးတော့ သူတို့သိချင်တာလေးတွေ ဆွေးနွေးပေးလိုက်တယ်ဆိုရင် သူတို့ရဲ့ ခံစားချက်တွေ တော်တော်လေးလျော့ကျသွားပြီး ကျွန်မတို့အနေနဲ့ အောင်အောင်မြင်မြင် သူတို့ကို ဆွေးနွေးပေးလိုက်နိုင်တာတွေ ရှိပါတယ်။

ကျွန်မတို့ အနေအထားကတော့ နောက်ကွယ်က Supporting Role က နေပါတယ်။ ပြည်သူလူထုသိချင်တာတွေကို တတ်နိုင်သရွေ့ သတင်းတွေစုံစမ်းပြီး ဖြေကြားပေးပါတယ်။ အဓိကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ Guideline တွေကို မသွေဖည်အောင်၊ သတင်းအမှားတွေ မပြန့်အောင် အဲဒီလို ရည်ရွယ်ချက်နဲ့ ကျွန်မတို့ ရပ်တည်ပါတယ်။

**Tele Consultation**

နောက်တစ်ခုကတော့ ကျွန်မတို့ဆီမှာ တခြားသော ဆက်သွယ်မေးမြန်းလို့ရတဲ့ နေရာမျိုးတွေအတွက်လည်း စုံစမ်းမေးမြန်းထားရတယ်။ ဥပမာ– မြန်မာနိုင်ငံဆရာဝန်အသင်းက Tele Consultation ဆိုတာရှိပါတယ်။ အဲဒါကတော့ အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ကို ဘယ်အချိန်ကနေ ဘယ်အချိန်အတွင်း ရောဂါလက္ခဏာတွေ ပြောပြပြီး ဆက်သွယ်မေးမြန်းလို့ရတာတွေ စီစဉ်ထားတာရှိပါတယ်။

အဲဒါမျိုးတွေဆိုရင်လည်း ကျွန်မတို့က ဒီသတင်းအချက်အလက်တွေနဲ့ ဥပမာ– သူတို့က ကိုဗစ်မဟုတ်ဘူး၊ အခြားသော သူတို့ရဲ့ရောဂါတွေကို ကုသချင်တာမျိုး၊ ပြောပြချင်တာမျိုးဆိုရင် အဲဒီကိုဆက်သွယ်ပြီး ဖုန်းနံပါတ်တွေ ချိတ်ပေးတာမျိုးတွေ လုပ်ပေးပါတယ်။

ကျေးလက်ဒေသက ခေါ်ဆိုမှုက ပထမလှိုင်းကနေ အခုဒုတိယလှိုင်းအထိ တောက်လျှောက်ပါပဲ။ ကျွန်မတို့ကို ဖုန်းခေါ်ဆိုတဲ့ ၄၃ ရာခိုင်နှုန်းက ကျေးလက်ဒေသကပါ။ ထက်ဝက်နီးပါးရှိပါတယ်။ အင်တာနက်လိုင်းမရတဲ့ နေရာတွေအတွက် အများကြီးအထောက်အကူပြုတယ်လို့ ပြောလို့ရပါတယ်။

ကျွန်မတို့ရဲ့ ခေါ်ဆိုတဲ့စနစ်ကို နည်းနည်းရှင်းပြချင်ပါတယ်။ 2019 ကို ခေါ်လိုက်ရင် 1 ကို နှိပ်လိုက်ရင် မြန်မာလို ဖြေကြားပေးပါမယ်။ 2 ကိုနှိပ်ရင် ရခိုင်လို ဖြေကြားပေးပါမယ်။ 3 ကတော့ ကုန်တင်ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေ စစ်ဆေးဖို့အတွက် Booking တင်တဲ့နေရာဖြစ်ပါတယ်။

1 ကို နှိပ်လိုက်ပြီဆိုရင် ကျွန်မတို့ ထပ်ပြီး နံပါတ်တွေ နားထောင်ရပါတယ်။ 1 ဆိုရင် ရောဂါလက္ခဏာတွေ၊ 2 ဆိုရင် ကုသတဲ့ ကာကွယ်ရေးနည်းလမ်းတွေစသဖြင့် 1၊ 2၊ 3၊ 4၊ 5 ဘာတွေ နားထောင်လို့ရတယ်ပြောပြီးတာနဲ့ 6 ကတော့ Quarantine Site တွေမှာ နေထိုင်နေတဲ့သူတွေ သိချင်တာရှိရင်မေးဖို့အတွက် ဖြေကြားပေးနေတဲ့ ဆရာဝန်တွေ တစ်အုပ်စုပါ။ သူတို့ကတော့ သူတို့ရဲ့ မိုဘိုင်းလ်ဖုန်းတွေကနေ ဖြေကြားပေးတာပါ။

ဒါပေမယ့် 2019 ကတစ်ဆင့်ပဲ သွားပါတယ်။ အဲဒါက 6 ပါ။ နံပါတ် 0 ကတော့ ကျွန်မတို့ရဲ့ ဆေးသုတေသနဦးစီးဌာန ရုံးချုပ်ရဲ့ Call Center Station မှာထိုင်ပြီး ဖြေပေးနေတဲ့ လူတွေပါ။ အဲဒီတော့ ဆရာဝန်နဲ့ ဖြေပေးနေတာကို နှစ်ဖွဲ့ပါ။ 6 ကလည်း ဆရာဝန်နဲ့ ဖြေပေးတယ်။ 0 ကလည်း ဆရာဝန်နဲ့ ဖြေပေးတယ်။ အဲဒီလိုပုံစံနဲ့ သွားနေပါတယ်။

တစ်နေ့တစ်နေ့လည်း Auto ဖုန်းခေါ်ဆိုမှုက သိန်းဂဏန်းရှိပြီး ဆရာဝန်က တိုက်ရိုက်ဖြေကြားမှုတွေက Call များတဲ့အချိန်ဆိုရင် ၄၀၀ / ၅၀၀ လောက်ရှိပြီး Call ပြန်ကျတဲ့အချိန်ဆိုရင် ၂၀၀ လောက်အထိရှိပါတယ်။ ကျွန်မတို့မှာ တစ်ခါတစ်ရံ အခက်အခဲကြုံရတာတွေ ရှိပါတယ်။ နှောင့်ယှက်တဲ့ Call မျိုးတွေ အစပိုင်းတုန်းကရှိတယ်။ ကလေးတွေက တစ်ခါတစ်ရံခေါ်တာတွေလည်း ရှိတယ်။

ဒါဆိုရင် ကျွန်မတို့က ဘယ်လိုပြန်ပြီး အကျိုးရှိအောင် အသုံးချသလဲဆိုတော့ ကလေးတွေ ခေါ်ခဲ့ရင် ကျန်းမာရေးအသိပညာပေးတာတွေကို သူတို့နားဝင်အောင် ပြန်ပြီး ရှင်းပြ၊ ပြောပြလိုက်တယ်။ ဒါမျိုးလေးတွေ ဆောင်ရွက်ရပါတယ်။ Call Center နဲ့ပတ်သက်ပြီး ဆွေးနွေးပေးချင်တာကတော့ ဒီလောက်ပါပဲ ။

**ဒေါက်တာသန္တာလွင်။** ။ ဖြေကြားပေးတဲ့ ဒေါက်တာမျိုးမျိုးမွန်ကို ကျေးဇူးတင်ပါတယ်။ တကယ်တော့ ဒီလိုစင်တာလေးရှိနေတာ အကုန်လုံး သိဖို့အတွက် တကယ်လည်း လိုအပ်ပါတယ်။ ကျွန်မတို့ ဗဟိုကူးစက်ဌာနကလည်း First Wave မှာ တောက်လျှောက် Hotline နဲ့ ဖြေကြားခဲ့ပါတယ်။ ဒါပေမယ့် Second Wave ကတော့ အလွန်ကို ကြီးမားပြင်းထန်ပြီး ပြည်သူတွေက သိရှိလိုသမျှကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်တယ်၊ အဖြေရနိုင်တယ်ဆိုတော့ အတော်ကို ကောင်းမွန်တဲ့အစီအစဉ် ဖြစ်ပါတယ်။ ဖြေကြားပေးတဲ့ ဆရာကြီးနဲ့ ညီမလေးကို အထူးကျေးဇူးတင်ကြောင်းပြောကြားရင်းနဲ့ ဒီနေ့အမေးအဖြေကဏ္ဍကို နိဂုံးချုပ်အပ်ပါတယ်ရှင်။

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမိန့်အမှတ် ၁၄၇/၂၀၂၀ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
**အမိန့်အမှတ် ၁၄၇/၂၀၂၀**
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019– COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စုဝေးခြင်းမပြုရန် ထုတ်ပြန်ခဲ့သော အမိန့်များတွင် ဖော်ပြထားသောကိစ္စရပ်များမှအပ ၁၆–၈–၂၀၂၀ ရက်မှစ၍ လူ ၁၅ ဦးအစား လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦး ထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ(၈) ရက်နေ့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီးမြောက်ပြီ ဖြစ်သော်လည်း လူစုလူဝေးပြုလုပ်ခြင်းများ ရှိနေသေးသည်ကို တွေ့ရှိရပါသည်။

၃။ ယခုအချိန်သည် COVID–19 ရောဂါ ပြန့်ပွားနိုင်သည့် အန္တရာယ်ကြီးမားနေသည်ဖြစ်၍ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရန်နှင့် ပျက်ကွက်ပါက တည်ဆဲ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး

# နိုဝင်ဘာ ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၂၆၆ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၀–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၉–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၇,၀၀၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁,၂၆၆)ဦး တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၀–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၂၁၀) ခု | (၃၁၆) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၆၄၀) ခု | (၅၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၈၁) ခု | (၇) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၀၄) ခု | (၆၇) ဦး |
| နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၀) ခု | (၅) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၂၆) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၃၇) ခု | (၄၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၇၆) ခု | (၂၈၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၄၀၆) ခု | (၄၇၅) ဦး |
| စုစုပေါင်း | (၁၇,၀၀၀) ခု | (၁,၂၆၆) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် COVID–19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၁၀–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၇,၀၀၀) ဦး | (၈၂၁,၁၆၃) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၂၆၆) ဦး | (၆၃,၂၄၁) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၇၅၀) ဦး | (၄၇,၄၁၁) ဦး |
| သေဆုံးလူနာ | (၂၄) ဦး | (၁,၄၆၁) ဦး |

- ယနေ့ သေဆုံးသူ (၂၄) ဦးအနက် ရောဂါအခံရှိသူ (၁၇) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၇၅၀) ဦးတွင်–
  - ပြည်သူ့ဆေးရုံများ – (၄၆၅) ဦး
  - COVID–19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) – (၂၈၅) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၂၇၂)ဦးတွင်–
  - Hotel Quarantine – (၁၅၄) ဦး
  - Facility Quarantine – (၂၅၈) ဦး
  - Community Based Facility Quarantine – (၈၁၁) ဦး
  - Anosmia Center – (၄၉) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၀၄၂၂၀၂၆ | ၆၅၂၇၆၄ | ၂၄၄၄၄၉ |
| ၂။ | အိန္ဒိယ | ၈၅၉၁၇၃၀ | ၇၉၅၉၄၀၆ | ၁၂၇၁၀၄ |
| ၃။ | ဘရာဇီး | ၅၆၇၅၇၆၆ | ၅၀၆၄၃၄၄ | ၁၆၂၆၃၈ |
| ၄။ | ရုရှား | ၁၈၁၇၁၀၉ | ၁၃၅၀၇၄၁ | ၃၁၁၆၁ |
| ၅။ | ပြင်သစ် | ၁၈၀၇၄၇၉ | ၁၂၉၇၃၅ | ၄၀၉၈၇ |
| ၆။ | စပိန် | ၁၄၂၆၆၀၂ | စိစစ်ဆဲ | ၃၉၃၄၅ |
| ၇။ | အာဂျင်တီးနား | ၁၂၅၀၄၉၉ | ၁၀၇၃၅၇၇ | ၃၃၉၀၇ |
| ၈။ | ဗြိတိန် | ၁၂၁၃၃၆၃ | စိစစ်ဆဲ | ၄၉၂၃၈ |
| ၉။ | ကိုလံဘီယာ | ၁၁၄၉၀၆၃ | ၁၀၄၇၀၁၇ | ၃၂၉၇၄ |
| ၁၀။ | မက္ကဆီကို | ၉၇၂၇၈၅ | ၇၂၁၀၇၆ | ၉၅၂၂၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၄၄၃၄၈ | ၃၇၅၇၄၁ | ၁၄၇၆၁ |
| ၂။ | ဖိလစ်ပိုင် | ၃၉၉၇၄၉ | ၃၆၁၉၁၉ | ၇၆၆၁ |
| ၃။ | မြန်မာ | ၆၃၂၄၁ | ၄၇၄၁၁ | ၁၄၆၁ |
| ၄။ | စင်ကာပူ | ၅၈၀၇၃ | ၅၇၉၈၁ | ၂၈ |
| ၅။ | မလေးရှား | ၄၂၀၅၀ | ၃၀၃၀၄ | ၃၀၀ |
| ၆။ | ထိုင်း | ၃၈၄၄ | ၃၆၇၀ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၂၁၅ | ၁၀၈၇ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၀၀ | ၂၈၈ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| ၁၀။ | လာအို | ၂၄ | ၂၃ | ၀ |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# မြကျွန်းညိုသို့ သတိရတိုင်း.....

မမိုးမြေ



ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ။ ဓာတ်ပုံ - မြင့်မောင်မောင်

ပန်းချီကဗျာထက်လှတဲ့ သီလာတက္ကသိုလ်သည် အသက်ကြီးလှပါပြီ။ တက္ကသိုလ်သို့ ကျွန်မတို့ရောက်စက အဓိပတိလမ်းတစ်လျှောက်မှ ရေတမာပင်လေးတွေသည် ငယ်ငယ်လေး ရှိကြသေးသည်။ ယခုကဲ့သို့ အရပ်မမြင့်ကြသေး။ ပုပုဝိုင်းဝိုင်း၊ ရွက်စိမ်းနုနုအုပ်အုပ်နှင့် အပျိုပေါက်ကလေးပမာ ချစ်စရာကောင်းပါဘိခြင်း။ ကံ့ကော်ပင်လေးများကလည်း အရွယ်ကောင်းတုန်း၊ ဖူးကြပွင့်ကြတုန်း။ သစ်ပုပ်ပင်ကြီးကတော့ အသက်ရှည်ဆဲပါပဲ။ သူ၏ အိုမင်းပုံက လှလွန်းပါသည်။ သူ့ကိုမြင်လျှင် သူ့အနားမှာ ဓာတ်ပုံရိုက်ချင်သည်၊ သူ့အရိပ်မှာ ခိုချင်သည်၊ သူနှင့်ပတ်သက်မှုရှိခဲ့ကြောင်း သက်သေကျန်ခဲ့ချင်သည်။ သူက အရွယ်ရင့်လာပေမယ့် ပရိသတ်ကို ဆွဲဆောင်နိုင်ဆဲဖြစ်သည့် အနုပညာရှင်တစ်ယောက်လိုပါပဲလား။ သစ်ပုပ်ပင်ကြီးသည် မွေးရာပါ ပါရမီရှင်တစ်ဦးပါပဲ။ သူ့ကိုအလှအတွက် ခံစားကြသည်၊ ဘဝအတွက် ဆင်ခြင်ကြသည်၊ သူနှင့် ချစ်ကြည့်သည်၊ လွမ်းကြည့်သည်၊ ရသမျိုးစုံပေးနိုင်သည်။ အသက်ရှည်ပြီး အချောမပျက်သည့် သစ်ပုပ်ပင်ကြီးပါ။ သူ့အသက် ဘယ်လောက်ရှိပါပြီလဲ။ တွက်ကြည့်ချင်စမ်းပါဘိ။

**ရန်ကုန်တက္ကသိုလ်နှင့် မစိမ်းပါ**

ကျွန်မသည် ၁၉၆၀- ၁၉၆၁ ပညာသင်နှစ်တွင် တက္ကသိုလ်သို့ ရောက်သည်။ ၁၉၆၁ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ သီရိဆောင်တွင်နေခဲ့သည်။ သီရိကိုဘင်တန်ဟုလည်း ခေါ်သည်။ ၁၉၆၅ ခုနှစ်မှာ အဆောင်သူဘဝပြီးဆုံးပြီး ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှာ နည်းပြဆရာမလေးဖြစ်လာသည်။ နည်းပြဆရာမ မဖြစ်ဖြစ်အောင် ဝိဇ္ဇာဂုဏ်ထူးတန်းတွင် အပြင်းအထန် စာကြည့်ခဲ့ရသည်။ မဟာဝိဇ္ဇာဘွဲ့ရသည်။ နယ်တက္ကသိုလ်များမှာ ပြောင်းရွှေ့အမှုထမ်းရသော်လည်း ရန်ကုန်တက္ကသိုလ်နှင့် မစိမ်းပါ။ နယ်မှပြောင်းလာလျှင် ရန်ကုန်တက္ကသိုလ် ပြန်ရောက်လာပြန်သည်။ ရန်ကုန်တက္ကသိုလ်က ရာပြည့်ပြီဆိုတော့ ကျွန်မတက္ကသိုလ်ရောက်ခဲ့သည်မှာ အနှစ် ၆၀ စွန်းစပြုပြီ။ ပါမောက္ခအထိ တာဝန်ထမ်းဆောင်၊ အငြိမ်းစားယူပြီးမှ ပါရဂူဘွဲ့ရသည်။ အငြိမ်းစားယူပြီး ၁၅ နှစ်ခန့်ဆက်၍ ရန်ကုန်တက္ကသိုလ် ပါရဂူအကြိုတန်းသင်ရန် မြန်မာစာဌာနသို့ အမြဲရောက်သည်။ ကျွန်မတို့သည် ရန်ကုန်တက္ကသိုလ်အသက် ၄၀ ခန့်တွင် တက္ကသိုလ်သို့ ရောက်လာခဲ့ကြခြင်း ဖြစ်သည်။

ကျွန်မတို့ခေတ်က တက္ကသိုလ်သည် လွမ်းစရာကောင်းလှပါသည်။ လွမ်းစရာ မြကျွန်းညိုကို လွမ်းချင်လာအောင် ရာပြည့်အထိမ်းအမှတ်အဖြစ် တက္ကသိုလ်သီချင်းလေးများဖြင့် အသက်သွင်းတင်ဆက်ကြသည်။ ကျွန်မတို့ခေတ်ကတက္ကသိုလ်တွင် ဒီဇင်ဘာလဆိုလျှင် အဆောင်တိုင်းမှာ နှစ်ပတ်လည် ညစာစားပွဲရှိသည်။ အဆောင်သူများသည် ဧည့်သည်ဖိတ်လိုလျှင် လက်မှတ်ဝယ်၍ ဖိတ်နိုင်သည်။ ချစ်သူများကို ဖိတ်ကြသည်။ ဆောင်းည၏ အေးမြမြ၊ မှုန်ရီရီအရိပ်မှာ အတူခိုလှုံကြသည်။ မိတ်ဆွေများကိုလည်း ဖိတ်ကြသည်။ ထိုမိတ်ဆွေအနေဖြင့် ရင်းနှီးမှုကို ညစာစားပွဲတွင် လာရောက်ဖျော်ဖြေကြသော အနုပညာရှင်များက ချစ်သူဘဝသို့ရောက်အောင် သီချင်းသံဖြင့် ပို့ဆောင်ပေးသည်။ တေးသံရှင် ချိုပြုံး၏ **"တက္ကသိုလ်ကျောင်းက ငွေလဝန်း"** သီချင်းတွင် **"မိတ်ဆွေအပေါင်းအသင်း ဖြစ်သွားကြတာတွေ.... စိတ်အနေပြောင်းရင်း ချစ်သွားကြတာတွေ ...."** တဲ့လေ။

မိတ်ဆွေယောကျ်ားလေးနှင့် မိန်းကလေး အကြည့်ချင်းဆုံဖြစ်လိုက်ကြသည်၊ မျက်လုံးချင်းစကားပြော ဖြစ်ကြသည်၊ ချစ်သူဘဝသို့ အနေအထား ရွှေ့လျားရန်ပေါ့လေ။ ရေတမာပင်လေးအောက်မှာ စုံတွဲတစ်တွဲ တိုးသွားရုံပါပဲ။ နှစ်ဆုံးတော့ မခွဲနိုင်မခွာရက်ကြ။ အဆောင်ကော်ရစ်ဒါမှာ အမျိုးသားက ချစ်သူအမျိုးသမီးလေး၏မျက်နှာကို မိုးကြည့်ရင်း ချစ်ရေးဖွဲ့နေကြသည်။ အခန်းနံပါတ် - ဒီ အောက်ဆုံးထပ် ရှေ့ဆုံးခန်းတွင်နေသူများဖြစ်၍ ညနေစောင်းချိန်တွင် စုံတွဲများကို ထိုင်ကြည့်ပြီး လိုက်၊ မလိုက် ဆုံးဖြတ်ပေးကြသည်။

**တမာများလို ခါးခဲ့ပြီပေါ့ကွယ်**

ကျောင်းပိတ်ရက်ခွဲခွာချိန်တွင် ချစ်သူမိန်းကလေးများသည် ပိန်ပိန်ဝဝ၊ သေးသေးနွဲ့နွဲ့မရွေး မျက်ရည်ဝဲကြသည်။ မျက်ရည်ကျကြသည်။ သီရိသူ ဝဝထောင်ထောင် မောင်းမောင်းတစ်ယောက် ချစ်သူကို မော့ကြည့်ရင်း ငိုနေသည်။ ဖြတ်သွားဖြတ်လာရင်းတွေ့သော ကျွန်မသည် တအံ့တဩနှင့် "ဟယ် ....သူက ဝဝကြီးနဲ့ ငိုနေတယ် သိလား"ဟု သူငယ်ချင်း မကြည်သန်းကို ပြောမိသည်။ သူက "ဝရင် မငိုရဘူးလို့ နင့်ကိုဘယ်သူပြောလဲ၊ သူချစ်လို့ သူငိုတာ။ နင့်အပူပါလား" ဟု ဆိုသည်။ စာမေးပွဲရက်များမှာ ရည်းစားနှင့်ကွဲ၍ ငိုရသူများလည်း ရှိသည်။ ထိုအခါ အဆောင်သူများ စိတ်မချမ်းသာကြပါ။ ညစာစားပွဲတွင် ဖျော်ဖြေခဲ့သည့် သီချင်းကိုပဲ ညည်းမိကြတော့သည်။ **ခုတော့ ထိုသစ္စာရယ် တမာများလို ခါးခဲ့ပြီပေါ့ကွယ် .....**ပါတဲ့။

**ရင်ခုန်သံများဆူညံ**

ထိုခေတ်က သီချင်းလာဆိုသည့် အနုပညာရှင်များမှာ စန္ဒရားချစ်ဆွေ၊ မာမာအေး၊ ထား၊ ချိုပြုံးတို့ ဖြစ်ကြသည်။ ချိုပြုံးက နည်းနည်းနောက်ကျသည်။ စန္ဒရားချစ်ဆွေ အမြဲသီဆိုသည့် သီချင်းက ဆောင်းညကို ပို၍လွမ်းစရာကောင်းလာစေသည်။ တစ်ဖက်သတ်ချစ်နေဆဲအဆင့် ချစ်သူကိုယ်စား ရင်တွင်းခံစားချက်ကို ဖွင့်ဟပေးလိုက်သည့်အတွက် ရင်ခုန်သံများဆူညံလာကြသည်။ သူ့သီချင်းက **"ချစ်အားငယ်ရသူ"** ဖြစ်ပါသည်။ သီချင်းက ရင်ဖွင့်သံပီလှသည်။ ကြည့်ပါဦး။

**စာမျက်နှာ ၁၉ သို့** ✪



ရန်ကုန်တက္ကသိုလ် သိပ္ပံစာသင်ဆောင်များနှင့် ရေတမာပင်များကို တွေ့ရစဉ်။ ဓာတ်ပုံ - မြင့်မောင်မောင်

**လွမ်းစရာ မြကျွန်းညိုကို လွမ်းချင်လာအောင် ရာပြည့်အထိမ်းအမှတ်အဖြစ် တက္ကသိုလ်သီချင်းလေးများဖြင့် အသက်သွင်းတင်ဆက်ကြသည်။ ကျွန်မတို့ခေတ်က တက္ကသိုလ်တွင် ဒီဇင်ဘာလဆိုလျှင် အဆောင်တိုင်းမှာ နှစ်ပတ်လည် ညစာစားပွဲရှိသည်။ အဆောင်သူများသည် ဧည့်သည်ဖိတ်လိုလျှင် လက်မှတ်ဝယ်၍ ဖိတ်နိုင်သည်။ ချစ်သူများကို ဖိတ်ကြသည်။ ဆောင်းည၏ အေးမြမြ မှုန်ရီရီအရိပ်မှာ အတူခိုလှုံကြသည်။ မိတ်ဆွေများကိုလည်း ဖိတ်ကြသည်။ ထိုမိတ်ဆွေအနေဖြင့် ရင်းနှီးမှုကို ညစာစားပွဲတွင် လာရောက်ဖျော်ဖြေကြသော အနုပညာရှင်များက ချစ်သူဘဝသို့ရောက်အောင် သီချင်းသံဖြင့် ပို့ဆောင်ပေး။**

❂ စာမျက်နှာ ၁၈ မှ

**“သူ့မျက်နှာ ကျွန်တော်အသည်းစွဲနေတယ် ….. သူသာ ကျွန်တော့်ဘဝ .. သူသာ ကျွန်တော့်ရဲ့ကမ္ဘာ … တွယ်ရာမဲ့တစ်ယောက်လိုဖြစ်နေသော… ကျွန်တော့်ရဲ့ အချိန်တိုင်းမှာ….သူသာဖြစ်နေတဲ့အထိ …. အစဉ်အမြဲ ရင်ထဲငြိတွယ် …. သူနဲ့တွေ့လေတိုင်း …..ဘာကြောင့်များ ချစ်အားငယ် ….. အလိုလို ဝမ်းနည်းလာတယ်ကွယ် ….. ”**တဲ့လေ။

မြကျွန်းညိုကမ္ဘာသစ်ကို စတွေ့စ၊ ကမ္ဘာသစ်မှာ ရင်ခွင်သစ်ကို ဖွေရှာစ၊ မငြိတငြိ စိတ်ခံစားမှုကို တေးစာသားက အပြည့်အဝ ပုံဖော်ပေးနိုင်ခဲ့ပါသည်။ ထိုနည်းဖြင့် ကံ့ကော်တောသည် သာမောဖွယ်ကဗျာတော ဖြစ်လာခဲ့ပြန်ပါသည်။

တေးသံရှင် မာမာအေး အမြဲဆိုသည့် သီချင်းမှာ **“မေ့ကွက်ကိုရှာ”** ဖြစ်ပါသည်။ **“မေ့ကွက်ကိုရှာသော သူရေ …နေ့ရက်တွေ ကြာသာကြာတော့ …”** ဆိုသည့် လွမ်းမောသံ၊ ဖွေရှာသံက ဆောင်းညကို လွှမ်းမိုးပျံ့နှံ့သွားသည်။ ကျွန်မတို့ခေတ်က တေးသံရှင် “ထား” အမြဲဆိုသောသီချင်းမှာ **“မနက်ဖြန် သို့မဟုတ် ဘယ်သောအခါ”** နှင့် **“မေတ္တာနုနုစေလိုသူ”** ဖြစ်သည်။

**ယနေ့တိုင်မေ့မရသော သီချင်း**

ကျွန်မတို့အစွဲဆုံးနှင့် ယနေ့တိုင်မေ့မရသော သီချင်းမှာ **“မနက်ဖြန် သို့မဟုတ် ဘယ်သောအခါ”** ဖြစ်ပါသည်။



## စာရေးသူ၏ အတ္ထုပ္ပတ္တိ

- ❖ အမည်ရင်းမှာ ဒေါက်တာခင်သန်းဦး၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) မြန်မာစာဌာန၊ ပုသိမ် တက္ကသိုလ် ဖြစ်သည်။ ဇာတိမှာ ဟင်္သာတ ဖြစ်သည်။
- ❖ ၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရသည်။ ၁၉၇၁ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ရသည်။ ၂၀၀၆ ခုနှစ် (အသက် ၆၂ နှစ်) တွင် ရန်ကုန်တက္ကသိုလ် ပါရဂူဘွဲ့ကို **“ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ”**ကျမ်းဖြင့် ရရှိခဲ့သည်။
- ❖ ၁၉၆၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ နှစ် ၄၀ တိတိ မြန်မာစာဌာနတွင် နည်းပြမှ ပါမောက္ခအထိ တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့သည်။ အငြိမ်းစားယူပြီး ၂၀၀၆ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်တွင် ပါရဂူအကြိုတန်းကို အချိန်ပိုင်းပို့ချခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဖွင့်လှစ်ထားသော စာပေဖန်တီးမှုနှင့် တည်းဖြတ်မှု ဒီပလိုမာသင်တန်း၌လည်း ပို့ချနေသည်။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၌လည်း အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။
- ❖ ၁၉၆၃ ခုနှစ်မှစ၍ တိုင်းရင်းမေဂျာနယ်တွင် တက္ကသိုလ် မခင်သူအမည်ဖြင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် မမိုးမြေအမည်နှင့် လုံးချင်းဝတ္ထုရှည်များစ၍ ရေးသားခဲ့ရာ ပထမဆုံး လုံးချင်းဝတ္ထုမှာ **“မလွမ်းချင်တော့ဘူးကွယ်”** ဖြစ်သည်။ ဝတ္ထုရှည် အပုဒ် ၇၀ ကျော်နှင့် ဝတ္ထုတို အပုဒ် ၁၀၀ ကျော် ရေးသားခဲ့သည်။ အငြိမ်းစားယူပြီးနောက် စာပေသဘောတရားစာအုပ်များကို ရေးသားခဲ့သည်။



ရန်ကုန်တက္ကသိုလ် မန္တလေးဆောင်အနီးက ကံ့ကော်ဥယျာဉ်။ ဓာတ်ပုံ - မြင့်မောင်မောင်

တစ်နေ့တစ်နေ့၊ တစ်နေ့တခြား ပြောင်းလဲတတ်သည့် ကံ့ကော်တောဝန်းကျင်တွင် ဖြစ်လွယ်၊ ပျက်လွယ်၊ ပြောင်းလဲလွယ်သည့် သင်္ခါရဓမ္မသည် နီးကပ် မြန်ဆန်လွန်းလှသည်။ တစ်ခါတုန်းကတက္ကသိုလ်မှ ခံစားမှုကို ရင်ဝယ်ပွေ့ပိုက်၍ “ထား”၏ သီချင်းကို ညည်းနေမိသည့် ကျောင်းသူများသည် နှစ်စဉ်နှစ်တိုင်း ရှိခဲ့ပါလိမ့်မည်။ သီချင်းစာသားက **“ မဟာကပ်ကမ္ဘာ၊ စကြဝဠာတိုင်း၊ ခိုင်းနှိုင်းမရပါ။ သူ့တစ်ယောက်အပေါ်ပဲ အစွဲအလမ်းကြီးမားလှစွာ၊ နုပျိုသည်မှ အိုမင်းရင့်ရော်တဲ့အထိ ငို၍သော်လည်းကောင်း၊ ရှိုက်၍သော်လည်းကောင်း စောင့်မျှော်လျက်နေဆဲပါ၊ မောင်ရေးလာမယ့်စာချွန်လွှာ၊ မနက်ဖြန် သို့မဟုတ် ဘယ်သောအခါ”** ဖြစ်ပါသည်။ မလွမ်းဘယ်သူ နေနိုင်ပါသနည်း။ ချစ်သူမရှိခဲ့သူများပင်လျှင် ရှိသလိုလို လွမ်းမိပါလိမ့်မည်။

မြကျွန်းညိုတွင် ပညာသင်ကြသူများရင်ကို ထိခိုက်ဆွေးမြည့်စေသော တေးတစ်ပုဒ် ရှိပါသေးသည်။ စန္ဒရားချစ်ဆွေ၏ **“ချစ်သူဝေးဝေးမသွားပါနဲ့လား”** ဖြစ်ပါသည်။ တေးစာသားက ချစ်သူတို့ဖြစ်ရပ်နှင့် ကိုက်ညီလွန်းလှသည်ပဲ။ **“ကိုယ့်ဘဝနဲ့ ပေါင်းစပ်ဖလှယ် ရမယ်ထင်လို့ကွယ် …ချစ်မိပြီဆိုလေတိုင်း … အသက်ပေးပြီးချစ်ရသူအဖို့ရယ် …. အပြစ်မယူ ဆွေး… နွေးစကား.. သာဖွဲ့အနားဝယ်..ချစ်သူဝေးဝေး မသွားပါနဲ့လားကွယ် …ချစ်သူဝေးဝေးမသွားပါနဲ့လားကွယ် …သာယာသောကန်အကွေ့ဝယ် တွေ့ကြတုန်းက စိန်ပန်းပြာနဲ့ ပဏာရသူလေးရယ် ...ခင်မင်တွယ်တာခြင်းရဲ့ ခိုင်မြဲလေသော အသည်းကို ခွဲခွာခြင်းလက်နက်နဲ့ နှိပ်စက်ချင်သလားကွယ် …(အနုပညာမြတ်နိုးသူကြီးရယ်)၂”** စသည်ဖြင့်ပါပဲ။

အဘယ်မျှစွဲငြိစရာ၊ လွမ်းမောစရာကောင်းလိုက်ပါဘိသနည်း။ အနှစ် ၆၀ ကျော်ခဲ့သည့်တိုင် မေ့မရနိုင်ပါ။

**စည်းကမ်းကို သရုပ်ဖော်သည့်သီချင်းဖြစ်**

**“မြကျွန်းညိုညိုတက္ကသိုလ်”** သီချင်းသည် ကျွန်မတို့ဆရာမဖြစ်သည့်အချိန်ခန့်ရောက်မှ ပေါ်ခဲ့သည်။ တက္ကသိုလ်ကျောင်းသူတစ်ဦးက တက္ကသိုလ်ကျောင်းတွေ အကြာကြီးပိတ်လိုက်ပြီး ပြန်ဖွင့်ချိန်တွင် ကျောင်းသားများ လက်ရှည်ဝတ်ရန် စည်းကမ်းသတ်မှတ်သည်။ စည်းကမ်းကို သရုပ်ဖော်သည့်သီချင်းဖြစ်ပါသည်။ တစ်နေ့တခြား၊ တစ်နေ့တခြား ပြောင်းလဲတတ်တဲ့ဝန်းကျင်ကိုပင် အံ့ဩမိတယ်ဆိုသည့် **“တက္ကသိုလ်မှာ ဝေတဲ့ နှင်း”**ကလည်း တက္ကသိုလ်ခလေ့၊ တက္ကသိုလ်ခလေ့နှင့် လိုက်ဖက်လွန်းလှပါဘိသည်။

ကိုမြသိန်း၏ မြသီတာ အလွမ်းပြေ **“ကြင်ကြင်နာနာ ဘယ်ကမ္ဘာ”** သီချင်းများက မေ့ရက်စရာမရှိပါ။ ရသလွန်ကဲပြည့်ဝလွန်းလှပါသည်။ **“ကြင်ကြင်နာနာ ဘယ်ကမ္ဘာ”** ကို ရေးသူ ပညာရေးတက္ကသိုလ်မှ မိုးကျော်ထွန်းသည် ချစ်သူကို ရည်ရွယ်ရေးဖွဲ့ခဲ့သော်လည်း တကယ့်ဘဝတွင်မူ **“ချစ်သူရီရီ၊ ကြည်ကြည်ပြုံးပြုံးနှင့် ကမ္ဘာသက်ဆုံးရာ သက်လုံး မပေါင်းလိုက်ရပါ။”** မြကျွန်းညိုသို့ သတိရတိုင်း ကရုဏာ လွှမ်းမိုး၊ အကြင်နာဆယ်ဆတိုးရင်း သည်ဘဝကာလတွေ ကုန်ဆုံးခဲ့ရရှာသည်။

အဆောင်သူများသည် ညနေ ၆ နာရီထိုးလျှင် ထွက်ခွင့်မရှိပါ။ သို့ရာတွင် ထွက်ခွင့်ရသော နေ့များရှိခဲ့ပါသည်။ ထိုနေ့များသည် တစ်သက်တွင် အပျော်ဆုံးနေ့များထဲတွင် ပါဝင်သည့်အတွက် မေ့မရပါ။ ကျွန်မတို့ကျောင်းတက်စဉ်က ရုပ်ရှင်မင်းသားကြီး ကောလိပ်ဂျင်နေဝင်း နာမည်ကြီးခါစ ဖြစ်သည်။ မင်းသားကြီးသည် ဘီအေအောင်ပြီး ဘီအယ်လ်တက်နေသည်။ နံနက်စောစောတွင် ဘီအယ်လ်အတန်းများရှိသည်။ ၁၉၆၁ ခုနှစ်ခန့်တွင် စစ်ရဲနှင့် ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်း အောင်ဆန်းကွင်းတွင် ယှဉ်ပြိုင်ရပါသည်။ အမျိုးသမီးဆောင်များ ညအပြင်ထွက်ခွင့်ရပါသည်။

**အလွန်တက်ကြွ ပျော်ရွှင်ခဲ့သည့်နေ့ရက်များ**

ဘတ်(စ်)ကားများနှင့် ဘောလုံးပွဲသွားကြည့်ပြီး တက္ကသိုလ်အသင်းကို အားပေးကြပါသည်။ ထိုနေ့က တက္ကသိုလ်ဝင်းတစ်ခုလုံး ကျောင်းသား ကျောင်းသူမကျန် တော့ပါ။ မင်းသားကြီးသည် ရှေ့တန်းတိုက်စစ်မှူး ဖြစ်ပါသည်။ ဂိုးဒိုင်ခံသွင်း၍ အနိုင်ယူပေးပါသည်။ ယနေ့ခေတ် ပရီမီယာလိဂ် ဘောလုံးပွဲများတွင် ရှေ့တန်းတိုက်စစ်မှူးသည်လည်း နောက်တန်းဆင်းလိုက်ရပါသည်။ နောက်တန်းခံစစ်ကလည်း ရှေ့တက်ရပါသည်။ တစ်ကွင်းလုံး ပတ်ကစားရပါသည်။ ထိုခေတ်က ကစားဟန်မှာ ထိုသို့မဟုတ်ပါ။ ရှေ့တန်းတိုက်စစ်မှူးသည် နောက်တန်းသို့ ဆင်းရန်မလိုပါ။ ရှေ့တန်းမှ အသင့်စောင့်၍ ဘောလုံးကိုရယူပြီး ဂိုးသွင်းရုံသာ ဖြစ်ပါသည်။ ကျွန်မတို့ တက္ကသိုလ်အသင်း၏ ရှေ့တန်းတိုက်စစ်မှူး ကောလိပ်ဂျင်နေဝင်းသည် ဘောလုံးကစားရာ၌ ကျွမ်းကျင်သူ၊ ဂိုးသွင်းရာ၌ ကျွမ်းကျင်သူပီပီ ရှေ့တန်းတွင် အေးအေးဆေးဆေး လမ်းလျှောက်နေပါသည်။ ဘောလုံး အရှေ့သို့ ပြန်ရောက်လာမှ သယ်ယူပြီး ဂိုးသွင်းသူ ဖြစ်ပါသည်။ ဂိုးတစ်ဂိုးဝင်သွားတိုင်း ပွဲကြည့်စင်ပေါ်တွင်ထိုင်ရာမှထ၍ဂိုးအရေအတွက်ပြောင်း/မပြောင်းကိုကြည့်ရသည်မှာ ပျော်စရာကောင်းလှပါသည်။ ဘဝမှာ အလွန်တက်ကြွ ပျော်ရွှင်ခဲ့သည့်နေ့ရက်များပါ။

ဆီမီးဖိုင်နယ်အဆင့်ကိုကျော်ပြီး ဖိုင်နယ်ဗိုလ်လုပွဲတွင် မီးရထားနှင့် ပြိုင်ရပါသည်။ ကံ့ကော်တစ်တောလုံး အောင်ဆန်းကွင်းသို့ ရွှေ့လျားကြသည်။ ဗိုလ်လုပွဲနိုင်၍ ဖလားရသောအခါ ကျောင်းသား ကျောင်းသူများသည် ကျောင်းသို့မပြန်သေးဘဲ **“ဗာစီတီ … ဗာစီတီ…ရားရား…”** ဟု ရန်ကုန်တစ်မြို့လုံးပတ်၍ အော်ကြပါသည်။ ဘောလုံးကစားသူများအတွက် ဂုဏ်ပြုပွဲကို ပိတောက်လမ်းရှိ ဘီအိုစီကွင်း၌ ကျင်းပရာတွင်လည်း ကျောင်းသူများပါ ညထွက်ခွင့်ရပါသည်။ ချစ်သူရှိသူများတွင် ချစ်သူကိုယ်ရံတော်များပါသည်။ ကိုယ်ရံတော်လုပ်ခွင့်စောင့်နေသူတို့ကလည်း သူချစ်နေသောမိန်းကလေးအုပ်စုအနီးတွင် မိတ်ဆွေအနေဖြင့် ဝန်းရံပေးနေကြသည်။

တစ်ဦးတစ်ယောက်ချင်းတွဲကာ မှောင်ရိပ်ခိုသည့် အလေ့မရှိပါ။ မိန်းကလေးများကလည်း အုပ်စုလိုက်သွားပြီး ယောကျာ်းလေးများကလည်း အုပ်စုလိုက် ပျော်ပျော်ပါးပါး သွားကြလာကြခြင်းသာ ဖြစ်ပါသည်။ ဂုဏ်ပြုပွဲတွင် အငြိမ့်စင် နှစ်ခု ရှိပါသည်။ တစ်ဦးမှာ အမာစိန်အငြိမ့် ဖြစ်ပါသည်။ အမာစိန်အငြိမ့်သည် တက္ကသိုလ်လောကတွင် နာမည်ကြီးလှသည်။ အဆောင်ညစာစားပွဲများတွင် အမာစိန်အငြိမ့်ကိုငှားလေ့ရှိသည်။ ထိုစဉ်က မြန်မာစာ ဆရာကြီးဦးလှရွှေသည် ဒဂုံဆောင်၏ အဆောင်မှူး ဖြစ်သည်။ သူ့အဆောင်မှာ အမာစိန်အငြိမ့်ကပြီးနောက် အတန်းထဲတွင် မနေ့ညက ကျောင်းသားတွေ အမာစိန်ကို ငေးမောပြီး **“အမာရေ…အမာရေ…. အစ်ကိုတို့ ဒီမှာ….ဒီမှာနဲ့အော်ပြီး သွားကြလာကြတာ မြောင်းထဲချည်းပြုတ်ကျကုန်တာ”**ဟု ရယ်စရာပြောပြသည်။ အမာစိန်သည်လည်း တက္ကသိုလ်နန်းတွင် တလှဲဆန်းခဲ့ဖူးပါသည်။

ကံ့ကော်တောတွင် တက္ကသိုလ်ရောက် တေးသားလေးများအတွက် စာပေစကား ကြားနာခြင်းဖြင့်လည်း ပျော်နိုင်ကြပါသည်။ လက်မှတ်တစ်စောင် ငါးမူးနှင့် ဘွဲ့နှင်းသဘင်ခန်းမတွင် ဥဏ်ကြီးရှင်ဖြေဆိုပွဲ၊ ကျပန်းစကားပြောပွဲများကို နားထောင်နိုင်ကြပါသေးသည်။ စာရေးဆရာစိန်လွင်လေးသည် ထိုစဉ်က ကျပန်းစကားပြောကောင်းလွန်းသည့် ကျပန်းမောင် ဖြစ်ခဲ့သည်။ ကံ့ကော်တော၏ ဝတ်စားဆင်ယင်မှုစတိုင်ကလည်း မြင်ရသူ စိတ်ကိုဖမ်းစားနိုင်ပါသည်။ ဆရာများသည် တိုက်ပုံ၊ ဘန်ကောက်ပုဆိုး၊ ခေါင်းပေါင်းနှင့် ကျက်သရေရှိလွန်းလှပါသည်။ တက္ကသိုလ်ဆရာဂုဏ်နှင့် လိုက်ဖက်လွန်းလှပါသည်။ ဆရာမများသည် အင်းလေးလုံချည်၊ ဇင်းမယ်လုံချည်၊ အင်္ကျီလက်ရှည်တွင် ပဝါနှစ်စ အသာချ၍ ယဉ်ကျေးတင့်တယ်လွန်းလှပါသည်။ စာမေးပွဲဖြေစဉ်၌ပင် တက္ကသိုလ်ဆရာမတို့၏ ဆင်ယင်ထုံးဖွဲ့မှုနှင့် လှပလွန်းသောဆရာမလေးများကို ကြည့်လိုက်ဖြေလိုက်နှင့် ပင်ပန်းခဲ့ရဖူးပါသည်။ ကျွန်မ ကြုံခဲ့ရသော တက္ကသိုလ်သည် ပညာရေး၌ အဆင့်မြင့်သည်။ အရှေ့တောင်အာရှမှ ပညာသင်ကျောင်းသားများကို တွေ့နိုင်သည်။

မကြာမီ ဆောင်းရောက်တော့မည်။ တက္ကသိုလ်သည် ရာပြည့်တော့မည်။ ဆောင်းဦးကာလ မြကျွန်းညိုသည် ပန်းချီကဗျာထက် လှနေပေဦးမည်။ နှင်းမှုန်ဖွဲဖွဲအောက်တွင် သစ်ရွက်ခြောက်များကို မီးပုံရှို့ရင်း အဆောင်ရှေ့တွင် တစ်ခါက ကျောင်းသားများ၏ သီချင်းသံသည် ဝေ့ကာဝဲကာနှင့် ပျံ့လွင့်နေပေဦးမည်။ မှုန်ပြာရီရီ ရာသီတွေပြောင်း တစ်ဆောင်းသစ်ခဲ့ပြီတဲ့လေ……။

ပန်းချီကဗျာထက်လှသော သီလာတက္ကသိုလ်သည် ကမ္ဘာတည်သရွေ့ အသက်ရှည်ကျန်းမာ၊ ချမ်းသာပါစေသော်။ ။



ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းက အသက်ရှည်ပြီး အချောမပျက်သည့် သစ်ပုပ်ပင်ကြီး။ ဓာတ်ပုံ - မြင့်မောင်မောင်

# ဂုဏ်ယူနွဲ့ပျော် ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတော်

တွေ့ဆုံမေးမြန်း - မွန်းဦးနဒီ

**ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတော်ကြီးကျင်းပရန်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ရာပြည့်ပွဲတော်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ဆပ်ကော်မတီအလိုက် ကျင်းပသွားမည့် အခမ်းအနားများနှင့် ပညာရေးကဏ္ဍပြန်လည်မြင့်မားစေရန် နိုင်ငံတကာနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို သိရှိနိုင်ရန် ရန်ကုန်တက္ကသိုလ်၏ ၁၆ ဦးမြောက် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းအား မြန်မာ့သတင်းစဉ်က ဆက်သွယ်မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**

**မေး ။ ။ မကြာမီ ကျရောက်တော့မယ့် ရန်ကုန်တက္ကသိုလ်ရဲ့ ရာပြည့်အခမ်းအနားအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို သိပါရစေ။**

ဖြေ ။ ။ ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်ဂုဏ်ပြုအခမ်းအနားကို ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီရဲ့ လမ်းညွှန်ချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ပေးထားတဲ့ စည်းကမ်းချက်တွေနဲ့အညီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) က ကြိုတင်ရိုက်ကူးထားတာတွေကို ထုတ်လွှင့်ခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ပေါင်းစပ်ထုတ်လုပ်ခြင်းစတဲ့ Virtual စနစ်နဲ့ ကျင်းပမှာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ Virtual အခမ်းအနား ကျင်းပပြုလုပ်သွားဖို့ လျာထားလျက်ရှိပြီး မြန်မာ့ရုပ်မြင်သံကြားကနေ ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ရာပြည့်အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအသီးသီးက ဆောင်ရွက်ထားတဲ့ အစီအမံတွေကိုလည်း ပြောပြပေးပါဦး ဆရာကြီးရှင့်။**

ဖြေ ။ ။ ရာပြည့်လုပ်ငန်းကော်မတီ ၁၇ ရပ်ထဲမှ အခုလက်ရှိအခြေအနေအရ အကောင်အထည်ဖော်နိုင်တဲ့ လုပ်ငန်းကော်မတီတွေရဲ့ လုပ်ဆောင်ချက်တွေကို MRTV အကူအညီနဲ့ ရိုက်ကူးတင်ဆက်သွားမှာ ဖြစ်ပါတယ်။

ပထမဆုံးလုပ်ငန်းကော်မတီကတော့ သမိုင်းနှင့် အထိမ်းအမှတ်စာစောင်များ ပြုစုထုတ်ဝေရေးလုပ်ငန်းကော်မတီ ဖြစ်ပါတယ်။ အဲဒီကော်မတီက ရာပြည့် Logo ပြိုင်ပွဲကျင်းပပြီး ရွေးချယ်ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိအသုံးပြုနေပြီဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ရာပြည့် အထိမ်းအမှတ် အထူးစာစောင် (၄) တွဲမှာ အတွဲအမှတ် (၁) နဲ့ (၂) က စာမူတွေအဆင်သင့်ဖြစ်ပြီမို့ ပုံနှိပ်ထုတ်ဝေဖို့ တင်ဒါခေါ်ယူအပ်နှံပြီး ဖြစ်ပါတယ်။ ရာပြည့်သမိုင်း၊ ရာပြည့် ရက်စဉ်သမိုင်းစာအုပ်တွေကိုလည်း ထုတ်ဝေဖို့ ဆောင်ရွက်နေပြီး ဘာသာရပ်ဌာနများ တိုးတက်မှုမှတ်တမ်းစာအုပ်ကိုလည်း ထုတ်ဝေဖို့ စီစဉ်ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

နောက်လုပ်ငန်းကော်မတီက သုတေသနစာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အဖြစ် ၁၉-၁၁-၂၀၂၀ ရက်နေ့နဲ့ ၂၀-၁၁-၂၀၂၀ ရက်နေ့မှာ Research Conference for the Centenary of the University of Yangon (RCCUY2020)၊ ၄-၁၂-၂၀၂၀ ရက်နေ့နဲ့ ၅-၁၂-၂၀၂၀ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်နဲ့ University of Cologne တို့ ပူးပေါင်းကျင်းပမယ့် "International Conference: Transformation Processes in Myanmar V" တို့ကို အသီးသီး ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ဘာသာရပ်နယ်ပယ်ပေါင်းစုံမှ သုတေသနစာတမ်းတွေကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ အခြေအနေအရ စာတမ်းဖတ်ပွဲကို Zoom Application သုံးစွဲပြီး Virtual Conference အနေနဲ့ ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက IT နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီ ဖြစ်ပါတယ်။ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်က ဦးစီးပြီး "Education 4.0 toward Industry 4.0" Theme နဲ့ IT နည်းပညာဆိုင်ရာစကားဝိုင်းဆွေးနွေးပွဲကို Panelist လေးဦးနဲ့ ဆွေးနွေးဖို့ စီစဉ်ထားပါတယ်။ ဒုတိယတစ်ခုအနေနဲ့ "World Robotic Challenge အတွေ့အကြုံ ဆွေးနွေးပွဲ" ဖြစ်ပြီး နှစ်ခုလုံးကို နိုဝင်ဘာလနောက်ဆုံးအပတ်မှာ MRTV Studio မှာရိုက်ကူးပြီး Virtual စနစ်နဲ့ ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။

သက်ကြီးပူဇော်ပွဲ လုပ်ငန်းကော်မတီအနေနဲ့ ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အဖြစ် ရန်ကုန်တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အသက် (၈၂) နှစ်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၅၀ ကျော်ကို သက်ကြီးပူဇော်ပွဲအဖြစ် ကိုဗစ် - ၁၉ အခြေအနေအပေါ် မူတည်ပြီး Face to Face (သို့မဟုတ်) Virtual နဲ့ ကန်တော့ဖို့ စီစဉ်နေပါတယ်။ ခန့်မှန်းကာလအနေနဲ့ နိုဝင်ဘာလလယ်ခန့်မှာ ကန်တော့ပစ္စည်းနဲ့ ငွေသားပေးပို့ဖို့ ရည်ရွယ်ထားပါတယ်။ သွားရောက်ကန်တော့ရာမှာ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတွေ ရိုက်ကူးသွားမှာဖြစ်ပြီး MRTV နဲ့ ချိတ်ဆက်ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ Zoom နဲ့ ဆောင်ရွက်ဖို့ အကူအညီရရှိနိုင်တဲ့ ဆရာကြီး ဆရာမကြီးတွေကို ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ ကန်တော့သွားဖို့လည်း စီစဉ်ထားပါတယ်။ သွားရောက်ကန်တော့ဖို့ အခက်အခဲရှိတဲ့ ဆရာကြီး ဆရာမကြီးတွေကိုယ်စား ဓာတ်ပုံတွေနဲ့ ကန်တော့နိုင်ဖို့လည်း ညှိနှိုင်းထားပါတယ်။ သက်ကြီးစကား သက်ငယ်ကြားစကားဝိုင်းကိုလည်း MRTV နဲ့ ရိုက်ကူးတင်ဆက်ဖို့ စီစဉ်ထားပါတယ်။

နောက်ကော်မတီတစ်ခုဖြစ်တဲ့ ပြပွဲ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီအနေနဲ့ စာစီစာကုံးပြိုင်ပွဲအတွက် အထက်မြန်မာပြည်က ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ အောက်မြန်မာပြည်က ကျောင်းသား ကျောင်းသူ ၁၆ ဦး ရွေးချယ်ထားပြီးဖြစ်ပါတယ်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ကိုဗစ် - ၁၉ အခြေအနေအရ နီးစပ်ရာတက္ကသိုလ်တွေမှာ ကျင်းပဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ရသစာတမ်းနဲ့ ကဗျာပြိုင်ပွဲကိုလည်း ပြုလုပ်သွားဖို့ အစီအစဉ်ရှိပြီး ခေါင်းစဉ်ကို သက်ဆိုင်ရာတက္ကသိုလ်တွေကို ပေးပို့ပြီး ပြိုင်ပွဲကျင်းပသွားမှာဖြစ်ပါတယ်။ ရသစာတမ်း (ဘွဲ့ကြို)၊ ရသစာတမ်း (ဘွဲ့လွန်)၊ ကဗျာပြိုင်ပွဲ (ဘွဲ့ကြို)နဲ့ ကဗျာပြိုင်ပွဲ (ဘွဲ့လွန်) အဖြစ် ပြိုင်ပွဲစုစုပေါင်း လေးမျိုး ကျင်းပသွားမှာ ဖြစ်ပါတယ်။

ခေတ်အလိုက်၊ ဝတ်စားဆင်ယင်မှုပြပွဲကို ရန်ကုန်တက္ကသိုလ် ငွေရတု၊ ရွှေရတု၊ စိန်ရတုနဲ့ ရာပြည့်ခေတ်လေးခေတ်တို့မှာ ဝတ်ဆင်ခဲ့တဲ့ ဝတ်စားဆင်ယင်မှုပုံစံမျိုးစုံကို ကျောင်းသား ကျောင်းသူ ၂၄ ဦးက ဝတ်ဆင်ပြီး ရိုက်ကူးပြသမှာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်က အစဉ်အဆက် ချီးမြှင့်အပ်နှင်းတဲ့ ဘွဲ့ဝတ်စုံအမျိုးမျိုးကိုလည်း ဝတ်ဆင်ပြသပြီး MRTV ကနေ ရိုက်ကူးထုတ်လွှင့်မှာဖြစ်ပါတယ်။ ပြပွဲတွေကို မြန်မာ့ရုပ်မြင်သံကြားနဲ့ပူးပေါင်းပြီး Virtual စနစ်နဲ့ ဆောင်ရွက်နိုင်ဖို့ ညှိနှိုင်းထားပါတယ်။

ပျော်ပွဲ ရွှင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီကတော့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) က ဦးစီးပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို အဖွဲ့တစ်ဖွဲ့လျှင် သုံးဦးနဲ့ မည်သူမဆို ယှဉ်ပြိုင်နိုင်ပြီး ရွေးချယ်ခံရတဲ့ပြိုင်ပွဲဝင်တွေရဲ့ အဆင့်အလိုက်ပြိုင်ပွဲတွေကို MRTV ကနေ ရိုက်ကူးထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်။

နောက်တစ်ခုက ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးလုပ်ငန်းကော်မတီ ဖြစ်ပါတယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကနေ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို ပြိုင်ပွဲတွေ၊ ကာတွန်းပြိုင်ပွဲ၊ ဓာတ်ပုံ၊ ပန်းချီပြိုင်ပွဲ ကျင်းပဖို့ ဖိတ်ခေါ် ဆောင်ရွက်ထားပါတယ်။ မြန်မာ့ရုပ်မြင်သံကြားကနေလည်း လက်ရှိမှာ ရန်ကုန်တက္ကသိုလ်ဆိုင်ရာ မြန်မာရုပ်ရှင်ဇာတ်ကားတွေနဲ့ ဂုဏ်ပြုအစီအစဉ်၊ ရန်ကုန်တက္ကသိုလ်ဆိုင်ရာ တေးသီချင်း ၁၀၀ တင်ဆက်မှု အစီအစဉ်တွေကို တင်ဆက်ပြသနေတာ ကြည့်ရှုသူတွေ အားရကျေနပ်တာကို သိရှိရပါတယ်။

နောက်ကော်မတီတစ်ခုဖြစ်တဲ့ တက္ကသိုလ်များ ဓမ္မာရုံ ပြုပြင်ရေးလုပ်ငန်းကော်မတီက တက္ကသိုလ်များ ဓမ္မာရုံမှတ်တမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး MRTV ကနေ ရိုက်ကူးတင်ဆက်ပြသသွားမှာ ဖြစ်ပါတယ်။

သီးခြားလှုပ်ရှားမှုတွေအနေနဲ့ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနက ဦးစီးကျင်းပခဲ့တဲ့ အမှတ်သညာပွဲတော် (ဒုတိယပိုင်း) အဖြစ် ကျင်းပမယ့် "ရာပြည့်ဓာတ်ပုံပြပွဲ" ကို ရန်ကုန်တက္ကသိုလ် သစ်ပုပ်ပင်ရှေ့မှာ ခင်းကျင်းပြီး MRTV ကနေ ရိုက်ကူးတင်ဆက်ဖို့ စီစဉ်နေပါတယ်။ တက္ကသိုလ်အနုပညာအသင်းတွေရဲ့ သီဆိုဖျော်ဖြေပွဲကိုလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ ရိုက်ကူးထုတ်လွှင့်ဖို့ စီစဉ်ထားပါတယ်။ ရန်ကုန်တက္ကသိုလ် ပြတိုက်ဖြစ်မြောက်ရေးအတွက် ပြတိုက်နေရာအဖြစ် အိမ်အမှတ်(၃၃) အဓိပတိလမ်း ရန်ကုန်တက္ကသိုလ်ကို ရွေးချယ်သတ်မှတ်ထားရှိတယ်။ ရန်ကုန်တက္ကသိုလ် ဖြစ်တည်လာခြင်းကာလ (၁၈၇၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)၊ ရန်ကုန်တက္ကသိုလ် ငွေရတုကာလ (၁၉၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)၊ ရန်ကုန်တက္ကသိုလ် ရွှေရတုကာလ (၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၁၉၇၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)၊ ရန်ကုန်တက္ကသိုလ် စိန်ရတုကာလ (၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)၊ ရန်ကုန်တက္ကသိုလ်- ရာပြည့်သဘင်ကာလ (၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် မှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်) စုစုပေါင်း ပြခန်း ငါးခန်း ရှိပါတယ်။

စာမျက်နှာ ၂၁ သို့ ❍

**သီးခြားလှုပ်ရှားမှုတွေအနေနဲ့ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနက ဦးစီးကျင်းပခဲ့တဲ့ အမှတ်သညာပွဲတော် (ဒုတိယပိုင်း) အဖြစ် ကျင်းပမယ့် "ရာပြည့်ဓာတ်ပုံပြပွဲ" ကို ရန်ကုန်တက္ကသိုလ် သစ်ပုပ်ပင်ရှေ့မှာ ခင်းကျင်းပြီး MRTV ကနေ ရိုက်ကူးတင်ဆက်ဖို့ စီစဉ်နေ။ တက္ကသိုလ်အနုပညာအသင်းတွေရဲ့ သီဆိုဖျော်ဖြေပွဲကိုလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ ရိုက်ကူးထုတ်လွှင့်ဖို့ စီစဉ်ထား။ ရန်ကုန်တက္ကသိုလ် ပြတိုက်ဖြစ်မြောက်ရေးအတွက် ပြတိုက်နေရာအဖြစ် အိမ်အမှတ်(၃၃) အဓိပတိလမ်း ရန်ကုန်တက္ကသိုလ်ကို ရွေးချယ် သတ်မှတ်ထားရှိ။ စုစုပေါင်း ပြခန်း ငါးခန်းရှိ။**

## ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၏ ကိုယ်ရေးအချက်အလက်



- ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ၂၀၁၅ ခုနှစ်မှ ယနေ့အထိ တာဝန်ထမ်းဆောင်လျက်ရှိပြီး ရန်ကုန်တက္ကသိုလ်၏ ၁၆ ဦးမြောက် ပါမောက္ခချုပ် ဖြစ်သည်။
- ၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်မှာပင် ဒုတိယပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- ရူပဗေဒ ပါမောက္ခတစ်ဦးအဖြစ် ၂၀၀၇ ခုနှစ်တွင် ရာထူးတိုးခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များ သိပ္ပံသုတေသနဌာနတွင် ဌာနမှူးအဖြစ် သိပ္ပံဘာသာရပ် နယ်ပယ်အစုံမှ သုတေသီများကို ဦးဆောင်၍ တက္ကသိုလ်များ သုတေသနဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားလုပ်ငန်းအဖွဲ့အစည်းများ၏ လိုအပ်သော သုတေသနတိုင်းတာမှုများကို ဆောင်ရွက်ခဲ့သည်။
- ယင်းမတိုင်မီ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနတွင် ၂၃ နှစ်တိုင်တိုင် သင်ကြားရေးနှင့် သုတေသနကို ပူးတွဲ၍ ဘာသာရပ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဌာနဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်။
- ၁၉၇၇ ခုနှစ်တွင် အခြေခံပညာအထက်တန်းကို အထက(၁) လမ်းမတော် ရန်ကုန်မြို့မှ အောင်မြင်ခဲ့ပြီး သိပ္ပံဂုဏ်ထူးဘွဲ့ (ရူပဗေဒ)ကို ၁၉၈၂ ခုနှစ်တွင် လည်းကောင်း၊ မဟာသိပ္ပံဘွဲ့(ရူပဗေဒ)ကို ၁၉၈၆ ခုနှစ်တွင် လည်းကောင်း ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။
- ပါရဂူဘွဲ့(ရူပဗေဒ) ကို ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးတက္ကသိုလ်မှ ၁၉၉၅ ခုနှစ်တွင် ရရှိခဲ့သည်။
- ကွန်ပျူတာသိပ္ပံ၊ ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ်အထူးပြု ပါရဂူဘွဲ့၊ မဟာသုတေသနဘွဲ့၊ မဟာဘွဲ့ ကျမ်းပေါင်း ၂၀၀ ကျော်ကို ကြီးကြပ်ခဲ့သည်။ ပြည်တွင်း၊ ပြည်ပ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းပေါင်း ၅၀ ကျော် ထုတ်ဝေခဲ့သည်။
- ၂၀၀၉ ခုနှစ်တွင် အာဆီယံ တက္ကသိုလ်များကွန်ရက် (မလေးရှား၊ ဂျပန်၊ မြန်မာ) ပူးတွဲသုတေသနဖြင့် မလေးရှားနိုင်ငံ Malaysian Invention and Design Society မှ ချီးမြှင့်သော ရွှေတံဆိပ်ဆု (ITEX GOLD MEDAL 2019) ကို ရရှိခဲ့သည်။
- ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဗြိတိသျှကောင်စီ ကမ္ဘာ့ပညာရေးအပြန်အလှန်ဆွေးနွေးခြင်းကဏ္ဍတွင် "မြန်မာ့သုတေသန မဟာဗျူဟာ" အကြောင်း ပါဝင်ဟောပြောခဲ့သည်။
- ၂၀၁၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ Midwest University မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၂၀၀၀ ပြည့်နှစ်မှ စတင်၍ အင်္ဂလန်နိုင်ငံ Institute of Physics ၏ အဖွဲ့ဝင်လည်းဖြစ်ခဲ့ပြီး ရူပဗေဒဘာသာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်။

❍ စာမျက်နှာ ၂၀ မှ

အဲဒီအတိုင်း Physical Museum ရှိတဲ့အပြင် Virtual Museum အဖြစ်လည်း ဆောင်ရွက်ထားရှိပါတယ်။ ရန်ကုန်တက္ကသိုလ်ဘာသာရပ်အသီးသီးရှိ ပြတိုက်တွေ၊ ခေတ်ခွဲခန်းတွေ၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ဘွဲ့နှင်းသဘင် စတဲ့ အထင်ကရ အဆောက်အအုံတွေ၊ နေရာတွေကို Digital နည်းပညာနဲ့ 3D Virtual Reality တွေအဖြစ် ဖန်တီးပြီး Virtual Museum Network တစ်ခုအဖြစ် တည်ဆောက်မှာ ဖြစ်ပါတယ်။ Virtual Tour အနေနဲ့ ကြည့်ရှုခံစားနိုင်အောင် ဖန်တီးဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မေး ။ ။ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ဥပစာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ချက်များ အကြောင်းလည်း သိချင်ပါတယ် ဆရာကြီးရှင့်။**

**ဖြေ** ။ ။ ရန်ကုန်တက္ကသိုလ်ဟာ မိမိတို့ တက္ကသိုလ် ပရဝဏ်ကောင်းမွန်လှပစေဖို့နဲ့ကျောင်းသား ကျောင်းသူတွေ ပညာသင်ကြားမှုအဆင်ပြေစေဖို့အတွက် စာသင်ဆောင်တည်ဆောက်ခြင်းလုပ်ငန်းတွေ၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်တွေ တည်ဆောက်ခြင်းလုပ်ငန်းတွေ၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းတွေနဲ့ နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို နှစ်စဉ်ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ရရှိမှုအလိုက် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကစတင်ပြီး ရန်ကုန် တက္ကသိုလ် ရာပြည့်ပွဲတော်ကျင်းပနိုင်ဖို့အတွက် ရန်ကုန် တက္ကသိုလ် ကမာရွတ်နယ်မြေမှာ ဥပစာရပ်ကောင်းမွန်စေဖို့ အဆောက်အအုံပိုင်းဆိုင်ရာ လုပ်ငန်းတွေကို ဘဏ္ဍာရေးနှစ် အလိုက် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလုပ်ငန်းတွေကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရာမညာ၊ အမရ၊ မန္တလေး၊ ဝေဿလီ၊ တောင်ငူဆောင် ငါးဆောင် အကြီးစားပြုပြင်ခြင်း၊ ဒဂုံ၊ အင်းဝ၊ ပဲခူး၊ စစ်ကိုင်း၊ သီရိ၊ အင်းလျား၊ ရွှေဘို၊ ရတနာ၊ ပင်းယ၊ သထုံ အိပ်ဆောင် ၁၀ ဆောင် အကြီးစားပြုပြင်ခြင်း၊ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဒဂုံလမ်း၊ ဂျပ်ဆင်လမ်း၊ ဘွဲ့နှင်းလမ်းနဲ့ ULB လမ်းတွေ အဆင့်မြှင့် ပြင်ဆင်ခြင်း၊ စစ်ကိုင်းလမ်း B Point မီးစက်ရုံအနီးမှာ သိပ္ပံဆောင်တွေ အသုံးပြုနိုင်ဖို့ 500 KVA, 11-6.6/0.4KV Transformer နဲ့ ဆက်စပ်ပစ္စည်းတွေ တပ်ဆင်ခြင်း၊ ULB အဆောက်အအုံ အနီးမှာ ULB နဲ့ ဝန်ထမ်းအိမ်ရာတွေ အသုံးပြုနိုင်ဖို့ 500 KVA,11-6.6/0.4KV Transformer နဲ့ ဆက်စပ်ပစ္စည်းတွေ တပ်ဆင်ခြင်း၊ ဝေဿလီဆောင်အနီးမှာ ဝေဿလီ၊ ရာမညာ၊ အမရ၊ မန္တလေး၊ တောင်ငူဆောင်တွေ အသုံးပြုနိုင်ဖို့ 500 KVA,11-6.6/0.4KV Transformer နဲ့ ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်း၊ ရန်ကုန်တက္ကသိုလ် ရေစင်များပြုပြင်ခြင်း လုပ်ငန်းတွေ ဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ သိပ္ပံဆောင်အများသုံး သန့်စင်ခန်း (ပထမထပ်) အဆင့်မြှင့်ပြင်ဆင်ခြင်း၊ တက္ကသိုလ် များခမ္မာရုံ ပြုပြင်ခြင်းလုပ်ငန်း၊ ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ သန့်စင်ခန်းများ အဆင့်မြှင့်ပြင်ဆင်ခြင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာမှာ အဆင်ပြေလွယ်ကူစေဖို့အတွက် IT Infrastructure နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ဌာန ၂၃ ခုရှိ Ph.D ခန်း ၂၃ ခန်းမှာ Projector နဲ့ Screen တပ်ဆင်ခြင်း၊ စိန်ရတုခန်းမမှာ Projector တပ်ဆင်ခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာတော့ သိပ္ပံဆောင် အများသုံးသန့်စင်ခန်း မြေညီထပ် အဆင့်မြှင့်ပြင်ဆင်ခြင်း၊ ရန်ကုန်တက္ကသိုလ် ICT Infrastructure နဲ့ ဆက်စပ်လုပ်ငန်းများ၊ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာန လက်တွေ့ခန်းများ အဆင့်မြှင့်ပြင်ဆင်ခြင်း၊ ရန်ကုန် တက္ကသိုလ် ဓာတုဗေဒဌာန လက်တွေ့ခန်းလေးခန်း အဆင့်မြှင့်ပြင်ဆင်ခြင်း၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ဌာန လက်တွေ့ခန်းနှစ်ခန်း အဆင့်မြှင့်ပြင်ဆင်ခြင်း၊ ရန်ကုန်တက္ကသိုလ် URC ဌာန လက်တွေ့ခန်းနှစ်ခန်း အဆင့်မြှင့်ပြင်ဆင်ခြင်းတွေကို ဆောင်ရွက်ဖို့ တင်ဒါခေါ်ယူထားပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၆ ခုနှစ် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ ဒုတိယဆုရ အိအိမော်(ယဉ်ကျေးမှု) ရေးသားသည့် "ပြတိုက်ကပြောသော တိုင်းရင်းသားယဉ်ကျေးမှု" စာအုပ်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ အသင်း ပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။

ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉ / ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန် စာအုပ်အသင်း အမှတ် (၅၂၉/ ၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း - ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ဒဂုံတက္ကသိုလ် ဒဂုံကေရီအငြိမ့်အဖွဲ့ဖျော်ဖြေမှု စတင်ရိုက်ကူး

**ရန်ကုန် နိုဝင်ဘာ ၁၀**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ပြည်သူများ Stay at home ဖြင့် မိမိတို့နေအိမ်များတွင် နေထိုင်စဉ် စိတ်အပန်းပြေစေရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရုပ်ရှင်နှစ်(၁၀၀)ပြည့် Live Show အစီအစဉ်များနှင့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် ဂုဏ်ပြုဖျော်ဖြေပွဲ Live Show အစီအစဉ်များ ထုတ်လွှင့်ပြသပေးလျက်ရှိသည်။



နိုဝင်ဘာ ၇ ရက် ည ၉ နာရီမှစ၍ အပတ်စဉ်စနေနေ့တိုင်း ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်အဖြစ် တက္ကသိုလ်အငြိမ့်အဖွဲ့များက ဂုဏ်ပြုဖျော်ဖြေပွဲများကို ထုတ်လွှင့်ပြသမည်ဖြစ်ပြီး အငြိမ့်ဖျော်ဖြေပွဲများကို ရန်ကုန်မြို့ MRTV စတူဒီယိုတွင် ရိုက်ကူးလျက်ရှိသည်။

နိုဝင်ဘာ ၁၀ ရက်တွင် ဒဂုံတက္ကသိုလ် ဒဂုံကေရီအငြိမ့်အဖွဲ့ စတင်ရိုက်ကူးလျက်ရှိရာ မင်းသမီး ထက်ရတီလွင် (ဒုတိယနှစ်မြန်မာစာ) နှင့် လူရွှင်တော်များအဖြစ် ချစ်ယုံ (စတုတ္ထနှစ်သင်္ချာ)၊ ပါဂျဲ(စတုတ္ထနှစ် မြန်မာမှုပညာ)၊ ဝမ်းဝမ်း(စတုတ္ထနှစ် ကုန်ထုတ်ဓာတုဗေဒ)၊ ခေတ်ဘုး(တတိယနှစ် မြန်မာစာ)တို့က ဟာသပြက်လုံးများဖြင့် ပြည်သူများ စိတ်အပန်းပြေစေရန် ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်သည်။

နောက်ခံမြန်မာဆိုင်းဝိုင်းအနေဖြင့် စတားဗိုလ်လှိုင်းနှင့်အဖွဲ့ (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား) က ဦးဆောင်၍ ရှာစားအောင်ဝမ်းတူးနှင့် ရွှေပန်တျာဇော်လင်းထက်တို့ ပါဝင်တင်ဆက်ပေးမည်ဖြစ်သည်။

မင်းသမီးများအကအလှကို အကနည်းပြ ဦးလဝန်းအောင် (ရွှေလဝန်းအဖွဲ့)က သင်ကြားပို့ချပေးခဲ့ပြီး လူရွှင်တော်ပြက်လုံးခွင်ပိုင်းဆိုင်ရာကို လူရွှင်တော် ဦးချစ်ချောက သင်ကြားပေးကာ အငြိမ့်တေးသီချင်းများကို ဒဂုံတက္ကသိုလ်အနုပညာအသင်း (ဥက္ကဋ္ဌ) ဒေါက်တာထိပ်တင်ဟန်နှင့် ဂီတဝိဇ္ဇာအောင်ဝမ်းတူးတို့က ရေးသားဖန်တီးပေးထားသည်။

နိုဝင်ဘာ ၁၄ ရက် ည ၉ နာရီတွင် ဒဂုံတက္ကသိုလ် ဒဂုံကေရီအငြိမ့်အဖွဲ့ဖျော်ဖြေတင်ဆက်မှုကို မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းမေဂျာနယ်၏ မိခင်ကြီး ဒေါ်ညွန့်ညွန့် ကွယ်လွန်



ရန်ကုန်မြို့ ပုဇွန်တောင် ကျင်းဖြဲရပ်၌ ဦးသိန်းဟန်-ဒေါ်အေးကြွယ်တို့က (၂၃-၃-၁၉၂၀) တွင် မွေးဖွား၍ မွေးချင်းလေးယောက်တွင် တတိယသမီးဖြစ်သည်။ အသက်လေးနှစ်အရွယ်တွင် ဖခင်ကွယ်လွန်သွားခဲ့ပြီး အသက် ၁၀ နှစ်အရွယ် စတုတ္ထတန်းတက်စဉ် ဦးခေါင်းခွဲစိတ်မှုခံယူရသဖြင့် အတန်းပညာ ဆက်လက်မသင်ယူနိုင်တော့ပါ။ မိခင်မှဆိုးမနှင့်အတူ အင်္ကျီချုပ်၊ ပန်းထိုး၍ အသက်မွေးခဲ့ရသည်။ ဂျပန်ခေတ်တွင် စစ်ပြေးရင်း ပဲခူး အုန္နကျေးရွာသို့ရောက်ရှိ စစ်ဘေးခိုလှုံနေထိုင်ရသည်။ စစ်ပြီး ရန်ကုန်သို့ပြန်လာကာ ပုဇွန်တောင်မှာပင် နေထိုင်၍ အပ်ချုပ်၊ ပန်းထိုးပညာကို ဆရာမအဖြစ် သင်ကြားပေးရင်း အသက်မွေးရသည်။

၁၉၄၅ ခုနှစ်တွင် New Times of Burma သတင်းစာ သတင်းထောက်ချုပ်ကိုအေးဖေနှင့် မင်္ဂလာပွဲပြု၍ သတင်းစာဆရာ ဒီးဒုတ်ဦးဘချိုက လက်ထပ်ပေးသည်။ ကျောက်မြောင်းသင်္ဃဟလမ်းသို့ ပြောင်းရွှေ့နေထိုင်၍ "ဒို့တာဝန်ပုံနှိပ်တိုက်ကို ၁၉၄၉ ခုနှစ်ကုန်လောက်တွင် စတင်တည်ထောင်၍ ၁၉၅၀ ပြည့်နှစ် ဇူလိုင်လ၌ တိုင်းရင်းမေဂျာနယ်၊ အတွဲ(၁) အမှတ်(၁)ကို စတင်ထုတ်ဝေသည်။ ၁၅ ရက် တစ်ကြိမ်ထုတ်ဝေ၍ ဂျာနယ်၏ဆောင်ပုဒ်မှာ "ပြည်ထောင်စု သားကောင်းသမီးကောင်းများ ထွန်းကားလာစေရမည်"ဖြစ်သည်။ ဂျာနယ်တန်ဖိုးမှာ ရန်ကုန်တစ်စောင် တစ်ကျပ်၊ သုံးလ ငါးကျပ် ရှစ်ပဲ၊ ခြောက်လ ၁၀ ကျပ်၊ ဆယ့်နှစ်လ ၁၈ ကျပ်။ နယ်သုံးလ ခြောက်ကျပ်၊ ခြောက်လ ၁၁ ကျပ်၊ ဆယ့်နှစ်လ ကျပ် ၂၀။ ရှမ်းပြည်နှင့် တောင်တန်းဒေသများ ဆယ့်နှစ်လ ၂၄ ကျပ် (လေယာဉ်ပျံခ တစ်ဝက်ခံရသည်)၊ ရန်ကုန်အိမ်အရောက် ပို့ပေးသည်။

**ချဲ့ထွင်ဆောင်ရွက်နိုင်ခဲ့**

၁၉၆၀ ပြည့်နှစ်မှစ၍ သင်္ဃဟလမ်း အမှတ်-၁၆ နေအိမ်နှင့်၊ အမှတ် ၃၀-၃၂ တို့တွင် မြေ၊ အဆောက်အအုံများ ကိုယ်ပိုင်ဖြင့် လုပ်ငန်းချဲ့ထွင်ကာ ဟိုက်ဒရယ်ဘတ် ဂျာမနီရောင်စုံအော်တိုလေစက်နှင့် ပတ်လည်စာပုံနှိပ်စက်ကြီးများ ဝယ်ယူကာ လုပ်ငန်းများ ချဲ့ထွင်တိုးတက် ဆောင်ရွက်နိုင်ခဲ့သည်။ အယ်ဒီတာဌာန၊ အုပ်ချုပ်မှုဌာန၊ စာစီဌာန၊ ပုံနှိပ်ဌာန၊ စာအုပ်ချုပ်ဌာန၊ ဖြန့်ချိရေးဌာန စသည်တို့ ထားရှိဆောင်ရွက်သည်။ ခဲစာလုံးဌာနမှာ ကိုယ်ပိုင်ခဲစာလုံးများ ထုတ်လုပ်နိုင်သည်။ စာစီဌာနတွင် အမျိုးသမီး ဖိုမင်နှစ်ယောက်၊ စာစီအမျိုးသမီးလေးယောက်တို့ဖြင့် ပုံနှိပ်ရန် စာဖောင်အသင့် (အမျိုးသမီးများသာ) လုပ်ဆောင်နိုင်သည်မှာ ပုံနှိပ်လောကတွင် တိုင်းရင်းမေတစ်ဦးတည်းသာရှိခဲ့သည်။

**တိုင်းရင်းမေ ကလောင်ရှင်ဘွဲ့**

ဂျာနယ်ရှေ့ပိုင်းတွင် ကဗျာကဏ္ဍအတွက် အမျိုးသားများ ရေးခွင့်ရှိပြီး ဝတ္ထုတိုနှင့် အခန်းဆက်ဝတ္ထုရှည်တွင် အမျိုးသမီးများသာ ရေးခွင့်ရှိသည်။ ထိုကာလများက ကဗျာရေးသူများ တိုင်းရင်းမေကဗျာကဏ္ဍကို ဖြတ်သန်းခဲ့ကြရသည်။ အမျိုးသမီးစာရေးဆရာမများကို "တိုင်းရင်းမေ ကလောင်ရှင်" ဘွဲ့ပေးသည်။ ထိုဘွဲ့ရရန် ကဗျာ ၁၀ ပုဒ်၊ ဆောင်းပါး ၁၀ ပုဒ်၊ ဝတ္ထုတို ၁၀ ပုဒ် ရေးရသည်။ တိုင်းရင်းမေသည် စောင်ရေ ၁၅၀၀၀ အထိ တိုးတက်အောင်မြင်ခဲ့သည်။ ဂျာနယ်ထွက်သည့် လဆန်း ၁ ရက်နှင့် ၁၅ ရက်တို့တွင် နယ်ကို ကြိုတင်ပေးပို့ပြီး ရန်ကုန်ဆိုင် (ကိုယ်စားလှယ်)များ ထွက်ရက်တွင် ဂျာနယ်တိုက်သို့ လာရောက်ယူရသည်။ ၁ ရက်နှင့် ၁၅ ရက်၊ မပျက်မကွက်ထွက်နိုင်အောင် အားထုတ်ဆောင်ရွက်သည်။ နောက်ပိုင်း စာပေလောကကြီးတစ်ရပ်လုံး ကပ်ဆိုက်ရောက်ကာ စောင်ရေကျဆင်းလာမှုဒုက္ခကို တိုင်းရင်းမေလည်း ခံရသည်။

၁၉၅၀ ပြည့်နှစ်မှစ၍ စဉ်ဆက်မပြတ် ထုတ်ဝေလာခဲ့ရာ၊ သက်တမ်း ၃၈ နှစ်အကြာ "၈၈၈၈" အရေးတော်ပုံအပြီး ၁၉၈၈၊ ဩဂုတ်လ ၁၅ ရက် ဂျာနယ်ထွက်အပြီး တိုင်းရင်းမေဂျာနယ် ရပ်နားလိုက်ရသည်။ ပုံနှိပ်လုပ်ငန်းများကိုမူ ဆက်လက်ဆောင်ရွက်နေခဲ့ရာမှ ပုံနှိပ်သက်တမ်းနှစ် ၄၀ ပြည့်သည့် ၁၉၉၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲအပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထုတ်ဝေသော "ခွပ်ဒေါင်း" ဂျာနယ်ကို ပုံနှိပ်လုပ်ဆောင်ပေးသဖြင့် တိုက်ပိတ်ခံလိုက်ရသည်တွင် ပုံနှိပ်လုပ်ငန်းပါ ရပ်နားလိုက်ရပါတော့သည်။ တိုင်းရင်းမေ၏ မိခင်ကြီး ဒေါ်ညွန့်ညွန့်သည် အသက် (၁၀၁) နှစ်အထိ ကျန်းမာစွာ နေထိုင်ခဲ့၍ နိုဝင်ဘာ ၇ ရက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး၏ အကြိုည ၁၀ နာရီ မိနစ် ၅၀ တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

**သူရဇော်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန် ဂျိုးဘိုင်ဒင် ကြေညာ

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် လုပ်ငန်းအဖွဲ့တစ်ရပ်ဖွဲ့စည်းရန် အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ကြေညာခဲ့သည်။

သမ္မတ ရာထူးအာဏာကို လွှဲပြောင်းရယူရန် အဆင်သင့်ဖြစ်နေသည့် ဂျိုးဘိုင်ဒင်က နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရန် လုပ်ငန်းအဖွဲ့တွင် ပါဝင်မည့် ဆေးဘက်ကျွမ်းကျင်ပညာရှင် ၁၃ ဦးကို ယမန်နေ့က ကြေညာခဲ့သည်။

ရွေးကောက်ပွဲအလွန်ကာလတွင် အမေရိကန်ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ပူးပေါင်းကာကွယ်နှိမ်နင်းကြရန် စည်းလုံးညီညွတ်မှုရှိရန် လိုအပ်ကြောင်း ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

ရွေးကောက်ပွဲတွင် မည်သူ့ကို ထောက်ခံခဲ့သလဲ ဆိုသည်မှာ အရေးမကြီးပါကြောင်းနှင့် ယခုအချိန်မှာ ဗိုင်းရပ်စ်ကာကွယ်တားဆီးရေးအတွက် နိုင်ငံသားတိုင်း နှာခေါင်းစည်းဝတ်ဆင်မည်ဆိုပါက လူ့အသက်ပေါင်းထောင်ပေါင်းများစွာကို ကယ်ဆယ်နိုင်မည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က ဆိုသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဂျိုးဘိုင်ဒင်နှင့် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူဒေါတို့သည် ဖုန်းဖြင့် ဆွေးနွေးခဲ့ကြသည်။

သို့သော် အမေရိကန်အစိုးရအဖွဲ့တာဝန်ရှိသူများက သမ္မတရာထူးအာဏာလွှဲပြောင်းရန် လိုအပ်သည့် စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးမှုမရှိသေးသည့်အတွက် အာဏာလွှဲပြောင်းမှုသည် နှောင့်နှေးကြန့်ကြာမှုများရှိနိုင်ကြောင်း အမေရိကန်မီဒီယာက သတင်းဖော်ပြကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါအား ရာထူးမှ အနားပေး

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါအား ရာထူးမှ အနားပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။



အချို့သော ကိစ္စရပ်များအပေါ် ၎င်းနှင့် မာ့ခ်အက်စ်ပါတို့အကြား သဘောထားကွဲလွဲမှုများ ရှိခဲ့သည့်အတွက် ရာထူးမှ အနားပေးခဲ့ခြင်းဖြစ်ကြောင်း သမ္မတ ထရမ့်က ဆိုသည်။

ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါအား ရာထူးမှ အနားပေးသည့် ကြေညာချက်ကို သမ္မတ ထရမ့်က တွစ်တာစာမျက်နှာတွင် ယမန်နေ့က ရေးသားဖော်ပြခဲ့သည်။

ကာကွယ်ရေးဝန်ကြီး ရာထူးနေရာတွင် အမျိုးသားအကြမ်းဖက်တိုက်ဖျက်ရေးစင်တာ ဒါရိုက်တာ ခရစ်စတိုဖာ မီလာအား အစားထိုးခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မာ့ခ်အက်စ်ပါသည် ၂၀၁၉ ခုနှစ် ဇူလိုင်လမှစပြီး ကာကွယ်ရေးဝန်ကြီး ပင်တဂွန်စစ်ဌာနချုပ် အကြီးအကဲအဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။

နိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် လူမျိုးရေးပဋိပက္ခဆိုင်ရာ ဆန္ဒထုတ်ဖော်မှုများကို တားဆီးဟန့်တားနိုင်ရေးအတွက် တပ်ဖွဲ့ဝင်များအား နိုင်ငံတစ်ဝန်း တပ်ဖြန့်ထားရန် သမ္မတထရမ့်၏ တာဝန်ပေးမှုကို ဝန်ကြီး မာ့ခ်အက်စ်ပါက ငြင်းဆန်ခဲ့သည်။

ထို့ပြင် စစ်ဘက်အဆောက်အအုံများကို နာမည်ပြန်လည်သတ်မှတ်ရာတွင်လည်း ၎င်းတို့နှစ်ဦးအကြား သဘောထားကွဲလွဲမှုများရှိခဲ့သည်။

၂၀၁၈ ခုနှစ် အကြိုရွေးကောက်ပွဲပြီးနောက် သမ္မတ ထရမ့်သည် ထိပ်တန်းတာဝန်ရှိသူများကို ရာထူးမှ ထုတ်ပယ်ခဲ့သည့်အတိုင်း ယခုရွေးကောက်ပွဲပြီးနောက် သမ္မတထရမ့်အနေဖြင့် အစိုးရအဖွဲ့ဝင် ထိပ်တန်းတာဝန်ရှိသူ အများအပြားကို ရာထူးမှ ထုတ်ပယ်နိုင်ဖွယ်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

သို့သော် အထက်လွှတ်တော်က လာမည့်ဇန်နဝါရီလအတွင်း သမ္မတအသစ်အား ရာထူးအာဏာလွှဲပြောင်းမပေးမီကာလအထိ မည်သည့်လစ်လပ်ရာထူးနေရာကိုမျှ အတည်ပြုခန့်အပ်သွားနိုင်ဖွယ်ရှိမည် မဟုတ်ပေ။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀ သန်းကျော် ရှိလာ



**ဝါရှင်တန် နိုဝင်ဘာ ၁၀**

အမေရိကန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀ သန်းကျော် ရှိလာခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယမန်နေ့မွန်းလွဲပိုင်းအထိ အမေရိကန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀ သန်းကျော်ရှိသွားခဲ့ပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ ကိန်းဂဏန်းများအရ သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် လွန်ခဲ့သော ငါးရက်ဆက်တိုက်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် တစ်သိန်းကျော်ရှိခဲ့ပြီး သေဆုံးသူ ၁၀၀၀ ကျော်ရှိခဲ့သည်။

ဟာဝိုင်ယီပြည်နယ်မှလွဲပြီး ကျန်သောပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိကြောင်း အမေရိကန်မီဒီယာများက သတင်းဖော်ပြကြသည်။

ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိသည့်အတွက် ယူတားပြည်နယ်၌ ယမန်နေ့မှစပြီး အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ ဆက်လက်မြင့်တက်လာပါက ဒေသန္တရဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် စွမ်းဆောင်ရည်များ ကျဆင်းလာမည်ကို ပြည်သူများက စိုးရိမ်ပူပန်လျက်ရှိကြသည်။

ပြည်နယ်အတွင်း နှာခေါင်းစည်းဝတ်ဆင်ခြင်း၊ လူစုဝေးခြင်းမှ ရှောင်ရှားခြင်းနှင့် သင်ရိုးညွှန်းတမ်းပြင်ပ ကျောင်းလှုပ်ရှားမှုများကို ကန့်သတ်ခြင်း စသည့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းသစ်များကို နိုဝင်ဘာ ၂၃ ရက်အထိ ချမှတ်ခဲ့သည်။

ထို့ပြင် တက္ကဆက်ပြည်နယ် အယ်လ်ပါဆိုမြို့အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ဖေးမကူညီရန် စစ်ဘက် ဆေးဘက်ဆိုင်ရာအဖွဲ့တစ်ဖွဲ့ကို ကာကွယ်ရေးဝန်ကြီးဌာနက စေလွှတ်ထားကြောင်း သိရသည်။

လာမည့် အားလပ်ရက်များအတွင်း ဟိုဟိုဒီဒီ သွားလာလှုပ်ရှားကြမည့် ပြည်သူအများအပြား ရှိနေဦးမည်ဖြစ်သည့်အတွက် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ ထပ်မံမြင့်တက်နိုင်ဖွယ်ရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက သတိပေးပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးသစ်ကြောင့် ကပ်ရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**ဂျီနီဗာ နိုဝင်ဘာ ၁၀**

Pfizer ဆေးဝါးလုပ်ငန်းက ဂျာမနီဆေးဝါးလုပ်ငန်းဖြစ်သည့် BioNTech နှင့် ပူးပေါင်းပြီး ကမ္ဘာပေါ်တွင် ၂၀၂၁ ခုနှစ် မတ်လအတွင်း ထုတ်လုပ်ရန်ရှိသည့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို ဆင်းရဲသည့်နိုင်ငံများသို့ ဖြန့်ဖြူးပေးသွားရန် စီစဉ်ထားကြောင်း၊ အဆိုပါဆေးသည် ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို လျော့ကျစေမည်ဟု မျှော်လင့်ထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူ ဘရစ်အိုင်းဝတ်စ်က ယမန်နေ့တွင် ပြောကြားသည်။

Pfizer မှ ယခုလက်ရှိ စမ်းသပ်နေသော ကိုဗစ်-၁၉ ကာကွယ်ဆေးမှာ ထိရောက်မှုများရှိသည်ကို တွေ့မြင်ရကြောင်း ဘရစ်အိုင်းဝတ်စ်က ပြောကြားသည်။ အဆိုပါဆေးဝါးကို ထပ်မံစမ်းသပ်မှုများ လုပ်ဆောင်ရဦးမည်ဖြစ်ပြီး ယခုတွေ့ရှိချက်များမှာ ပဏာမတွေ့ရှိချက်များသာဖြစ်ကြောင်း၊ သို့သော် ကမ္ဘာပေါ်ရှိ လူသားများ အသုံးပြုရန် ယခုဆေးဝါးတွင် မျှော်လင့်စရာအချက်များကို တွေ့ရှိနေရပြီး ၎င်းအချက်များကို အတည်ပြုနိုင်ရန် မိမိတို့ ရှေ့ဆက်ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရလဒ်များကြောင့် လာမည့်နှစ် မတ်လအတွင်း ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့ကျရန် ဆောင်ရွက်သွားနိုင်မည်ဟု မိမိမျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၎င်းတို့ထုတ်လုပ်မည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ ထိရောက်မှုရာခိုင်နှုန်းမှာ ၉၀ ကျော်အဆင့်တွင်ရှိကြောင်း Pfizer ဆေးဝါးလုပ်ငန်းက ပြောကြားခဲ့မှုကြောင့် အဆိုပါဆေးဝါးအပေါ်တွင် လူထု၏ မျှော်လင့်ချက်များ မြင့်တက်လာခဲ့သည်။

မိမိတို့ပူးပေါင်းထုတ်လုပ်သည့် ယခုဆေးဝါးအား အရေးပေါ်ကုသမှုတွင် အသုံးပြုနိုင်ရန် တာဝန်ရှိသူများထံမှ ခွင့်ပြုမိန့် အလျင်အမြန်ရရှိအောင် ဆောင်ရွက်သွားမည်ဟု Pfizer နှင့် BioNTech ဆေးဝါးလုပ်ငန်းတို့က ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက် လျှော့ချရေးအတွက် လုံလောက်သော ပစ္စည်းကိရိယာများရှိနေပြီး ရောဂါစမ်းသပ်မှုများကိုလည်း အများအပြားဆောင်ရွက်နိုင်ခဲ့ကြောင်း ဘရစ်အိုင်းဝတ်စ်က ပြောကြားသည်။ သို့သော် ရန်ပုံငွေ ကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံခန့် လိုအပ်ခဲ့ခြင်းကြောင့် ကမ္ဘာပေါ်ရှိ ဝင်ငွေနည်းပါးသော နိုင်ငံများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်ရန်နှင့် ကိုဗစ်-၁၉ ရောဂါရှာဖွေစမ်းသပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-စိုးသူရ**












ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ရက် (သောကြာနေ့)သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များ အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေးတွင် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရုံးသုံးစက်ပစ္စည်းများ၊ ရုံးသုံးပရိဘောဂများ၊ လျှပ်စစ်သုံးစက်ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာသင်တန်းသုံး ပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများ၊ ဓာတ်ဆေးပစ္စည်းများနှင့် Medical Book & Journalများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြုလိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ အသေးစိတ်စာရင်းများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေးရှိ ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၁၁-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေးတွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၂-၁၂-၂၀၂၀ ရက် ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၇၉၇၇၇၈၂၉၇၊ ၀၉-၇၉၇၃၆၂၅၂၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေးတွင် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
   ၁။ ဆိုင်ကယ်ရပ်နားရန်နေရာဆောက်လုပ်ခြင်းလုပ်ငန်း (၅၀'x၅၅')[သံဖရိန်၊ သွပ်အမိုး၊ အခင်းပါ ထု (၁)ပေ]
   ၂။ ၆"အဝီစိတူးခြင်းလုပ်ငန်း(၈၀၀')Submersible Pump ၁၀HP
   ၃။ အုတ်ခြံစည်းရိုးကာရံခြင်း (အရှေ့ဘက်)(၁၀၂၉'x၆')(RC GB, RC Lintel) အုတ်တံတိုင်း (ဂိတ်တံခါးမပါ)
   ၄။ တက္ကသိုလ်ဝင်းအတွင်း ပင်မမြောင်းပြုလုပ်ခြင်းလုပ်ငန်း (၄၁၀၈'x၃'x၄') အုတ်စီရေမြောင်း
   ၅။ တက္ကသိုလ်မုခ်ဦး ဆောက်လုပ်ခြင်းလုပ်ငန်း (၂၇.၇၅'x၁၈.၅')
   ၆။ တက္ကသိုလ်ဝင်းအတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၂၅၈၅'x၁၃'x၆")နှင့် ကွန်ကရစ်လမ်းချဲ့ခြင်းလုပ်ငန်း ကွန်ကရစ်လမ်းအား ၅' ချဲ့ခြင်း ပေါင်းအကျယ် ၁၈'

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၁၁-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေးတွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၅-၁၂-၂၀၂၀ ရက် ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၇၉၇၇၇၈၂၉၇၊ ၀၉-၇၉၇၃၆၂၅၂၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ပြည်ထောင်စုဘတ်ဂျက်ဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းလက်အောက်ရှိ ဓာတ်အားပေးစက်ရုံများဖြစ်သော ဘီလူးချောင်းအမှတ်(၁) စက်ရုံ၊ ကင်းတားစက်ရုံ၊ ဆည်တော်ကြီးစက်ရုံ၊ ဇောင်းတူစက်ရုံ၊ သဖန်းဆိပ်၊ ဇော်ဂျီအမှတ်(၁) စက်ရုံ၊ ဇော်ဂျီအမှတ်(၂) စက်ရုံ၊ မုန်းချောင်းစက်ရုံ၊ ပေါင်းလောင်းစက်ရုံ၊ ရဲနွယ်စက်ရုံ၊ ခပေါင်းစက်ရုံ၊ ကျိုင်းတောင်းစက်ရုံ၊ ရဲရွာစက်ရုံ၊ ရွှေကျင်စက်ရုံ၊ ကွန်းချောင်းစက်ရုံ၊ နန်ချိုစက်ရုံ၊ ဖြူးချောင်းစက်ရုံ၊ အထက်ပေါင်းလောင်းစက်ရုံ၊ မြစ်သာစက်ရုံ၊ နေပြည်တော်ဓာတ်အားခွဲရုံ (၁) ဝင်း၊ လော်ကားစက်ရုံ၊ ရွာမစက်ရုံ၊ သာကေတစက်ရုံ၊ ရွှေတောင်စက်ရုံနှင့် မြန်အောင်စက်ရုံတို့တွင် ဆောင်ရွက်ရန်ရှိသော မြို့ပြထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများနှင့် တည်ဆောက်ခြင်းလုပ်ငန်း (၅၃) ရပ်အား တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် ပူးတွဲ၍ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများ၊ Drawing များ၊ သက်ဆိုင်ရာဓာတ်အားပေးစက်ရုံအလိုက် ဆောင်ရွက်ရန်ရှိသော လုပ်ငန်းစာရင်းတို့ကို ၁၂-၁၁-၂၀၂၀ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာကို ၂၅-၁၁-၂၀၂၀ ရက် ညနေ (၃) နာရီတွင် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်တင်သွင်းရမည်ဖြစ်သည်။

၃။ တင်ဒါလျှောက်လွှာရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် (၂၇)၊ နေပြည်တော် ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်ဖောက်မည့်နေ့ရက်အား ထပ်မံ ကြော်ငြာပေးပါမည်။

၅။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရေအားစက်ရုံများဌာန၊ ရုံးအမှတ်(၂၇)သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ တယ်လီဖုန်းနံပါတ်-၀၆၇-၈၁၀၄၂၆၉ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဦးစိန်သောင်း (ပုသိမ်မြို့)
### အသက်(၈၉)နှစ်
**(မြို့နယ်ပညာရေးမှူး-ငြိမ်း၊ ရေကြည်မြို့)**
**ရန်ကုန်မြို့**

ပုသိမ်မြို့နေ (ဦးသူငယ်ကြီး-ဒေါ်ဆိတ်)တို့၏ သား၊ ရန်ကုန်မြို့နေ (ဒေါ်ကြင်မြိုင်)၏ ခင်ပွန်း၊ ဦးသောင်းထိုက် (ညွှန်ကြားရေးမှူး၊ ဆည်/ရေ ဦးစီးဌာန၊ မကွေးမြို့)-ဒေါ်မြစန္ဒာမောင်မောင်၊ အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျယ်လစ်မြို့နေ ဒေါ်ခင်မာသောင်း-Mr Kirk Norenberg၊ ဒေါက်တာ ခင်မေသောင်း၊ (ကိုထိုက်စိုးသောင်း)တို့၏မွေးသဖခင်၊ ကိုထိုက်နန္ဒအောင်၊ ကိုအုပ်စိုးထိုက်၊ ကိုထိုက်သတိုးညီတို့၏ အဘိုးသည် ၉-၁၁-၂၀၂၀ (တနင်္လာနေ့) ညနေ ၃ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာဥမ္မာမိုးမြင့်
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၈၂)နေ (ဦးစိန်လင်း-ဒေါ်လှစိန်)တို့၏ ချစ်လှစွာသောသမီး၊ (ဦးသိန်းစိုး)-ဒေါ်စွမ်တီ၊ ဦးစိုးအောင်-ဒေါ်လီလီဟန်၊ ဦးကျော်သိန်းတို့၏ ညီမ၊ ဦးမိုးမြင့် (MPRL E&P Group of Companies)၏ ချစ်လှစွာသောဇနီး၊ ဦးစည်သူမိုးမြင့်၊ ဦးဖုန်းကျော်မိုးမြင့်တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါက်တာဥမ္မာမိုးမြင့်သည် ၉-၁၁-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁၂:၂၅ နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သည့်ရုပ်အလောင်းကို ၁၀-၁၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၂၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဥမ္မာမိုးမြင့်
**အသက်(၆၃)နှစ်**

MPRL E&P Group of Companies CEO ဦးမိုးမြင့်၏ ချစ်လှစွာသောဇနီး၊ ဦးစည်သူမိုးမြင့်၊ ဦးဖုန်းကျော်မိုးမြင့်တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါက်တာဥမ္မာမိုးမြင့်သည် ၉-၁၁-၂၀၂၀ ရက်နေ့တွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်အောင်မျိုးမင်း(ငြိမ်း)၊ ဒုဝန်ကြီး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန နှင့် ဒေါ်သဇင်နွယ် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဥမ္မာမိုးမြင့်
**အသက်(၆၃)နှစ်**

ဦးမိုးမြင့် (CEO MPRL E&P Group of Companies)၏ ချစ်လှစွာသောဇနီး၊ ဦးစည်သူမိုးမြင့်၊ ဦးဖုန်းကျော်မိုးမြင့် တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါက်တာဥမ္မာမိုးမြင့်သည် ၉-၁၁-၂၀၂၀ ရက်တွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥမ္မာရေ-သူငယ်ချင်းထွက်သွားပေမဲ့လည်း တို့တွေရင်ထဲမှာ အမြဲရှိနေမှာပါ၊ စကားလုံးဖြင့် ဖော်ပြ၍ မရနိုင်အောင် နှမြောတသဝမ်းနည်းစွာဖြင့်-

**လွင်၊ သဇင်၊ ကြူကြူနှင့် ခင်သန်းဝင်း**

**သစ်တော မှန်လျှင် အသုံးဝင် အစဉ် ထာဝရ ထိန်းသိမ်းကြ**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမြတ်စုခိုင် (လက်ထောက်ဆရာဝန်၊ မေ့ဆေးအထူးကု၊ ရန်ကုန်အနောက်ပိုင်းဆေးရုံအုပ်ကြီး)၏မိခင် ဒေါ်မိမိလှိုင် အသက်(၆၉)နှစ်သည် ၆-၁၁-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး**
**အထူးကြပ်မတ်ကုသဆောင်နှင့်ခွဲစိတ်ခန်း**
**မိသားစု**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၆၊ မောရဝတီ(၂)လမ်း၊ မြေကွက်အမှတ်(၅၇၂)ဟုခေါ်တွင်သော ပေ(၄၀x၆၀)အကျယ်အဝန်းရှိ ဦးမြသိန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း ပေ(၂၀x၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်ဦးမြသိန်း [၁၂/တတန(နိုင်)၀၁၇၅၀၂]ထံမှ ဦးကျော်နိုင် [၇/ဝမန(နိုင်)၀၂၄၀၃၆]က အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်မမှအပြီးလွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ အချို့ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်သင်း**
**[၁၂/ပဗတ(နိုင်)၀၁၂၄၇၃]**
**ဖုန်းနံပါတ်- ၀၉-၂၅၃၃၄၅၁၉၂**

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ အလှူ့ဒါယိကာမကြီး
ရွှေတိဂုံစေတီတော်၊ ကုဋီအိမ်သာနှင့်ဝေယျာဝစ္စသန့်ရှင်းရေးအဖွဲ့
(နာယက)

## ဒေါ်တင်ရွှေ (တွံတေး/သဃ်္ဃန်းကျွန်း)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (င/ခ)ရပ်ကွက်၊ မီးရထားရိပ်သာလမ်း၊ ခြံအမှတ်(၇)နေ (ဦးအောင်ဒွန်း-ဒေါ်သန်းခင်)တို့၏ သမီး၊ (ဦးအုန်း-ဒေါ်အုန်းမြင့်)၊ (ဦးမောင်စံ)-ဒေါ်ခင်အုန်းမြ၊ (ဒေါ်ညိမ်း)၊ (ဦးမောင်ညွန့်-ဒေါ်ညိုညို)တို့၏ ညီမ၊ (ဦးအောင်ခ)-ဒေါ်သင်းသင်းတို့၏ အစ်မ၊ တူ/တူမ ၁၉ ယောက်တို့၏ အဒေါ်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၁၀-၁၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၄၅ နာရီတွင် (၉၆) ပါးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၂၀ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူပါမည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးအောင်သန်း [တပ်မတော်-လေ(ငြိမ်း)]
### အသက်(၇၅)နှစ်

(ဦးကျော်သောင်း-ဒေါ်ကျော့ရင်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၆၅၀/ခ)၊ ဇာနည်(၁၄)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်တိုးတိုး၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးနေမျိုးသူ(ငြိမ်း)-ဒေါ်နွယ်နွယ်ဝင်း၊ ဦးကျော်စိုးလင်း၊ မဖြူသန့်စင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၉-၁၁-၂၀၂၀(တနင်္လာနေ့) ညနေ ၅:၁၅ နာရီတွင် ၉၆ ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၁-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးခင်ကြည်
**ဒုတိယဌာနမှူး(က.ပ.ရ)ငြိမ်း**
**အသက်(၉၁)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ သတ္တုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းထွဋ်၏ဖခင်၊ အမှတ်(၃၁)၊ အခန်းအမှတ်-၃(ခ)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဦးခင်ကြည် ဒုတိယဌာနမှူး(က.ပ.ရ)ငြိမ်းသည် ၂၂-၁၀-၂၀၂၀ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးသတ္တုလုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခဒေါက်တာ ဦးအောင်ကျော်
**[ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကု ဆရာဝန်ကြီး (ငြိမ်း)]**
**အသက်(၉၀)**

ရန်ကုန်မြို့ အမှတ် (၁၄၂)၊ အနော်ရထာလမ်း၊ ၃၅နှင့် ၃၆ လမ်းကြား၊ ကျောက်တံတားမြို့နယ်နေ ဒေါက်တာ ခင်သန်းတင် (သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး)၏ခင်ပွန်း၊ (ကိုမင်းသန်းကျော်)၊ ဒေါက်တာမျိုးသန်းကျော်၊ ဒေါက်တာခိုင်သန်းကျော်-ဒေါက်တာချောခိုင်ခိုင်မေသွင်တို့၏ ကျေးဇူးရှင်ဖခင်သည် ၇-၁၁-၂၀၂၀ (စနေနေ့) ည (၁၁:၁၅) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနှောက်နှင့်အာရုံကြောပညာရပ်ဆိုင်ရာအဖွဲ့**
**(Neurosurgical+Neuromedical)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်စန်းစန်း (ဖျာပုံ) (၈၃)နှစ်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး၊ ဒေါက်တာ သန်းနိုင်စိုး၏မိခင်ကြီး ဒေါ်စန်းစန်း(ဖျာပုံ)သည် ၉-၁၁-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဆေးတက္ကသိုလ်(၁) (၁၉၇၃-၁၉၈၁) အတန်း ကျောင်းသူ ဒေါက်တာ ဒေါ်ဥမ္မာမိုးမြင့် (၆၃)နှစ်သည် ၉-၁၁-၂၀၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၁)**
**(၁၉၇၃-၁၉၈၁) ကျောင်းသူ၊ ကျောင်းသားများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဥမ္မာမိုးမြင့်
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အိမ်အမှတ်(၈၂)နေဦးမိုးမြင့်(MPRL E & P Group of Companies)၏ ချစ်လှစွာသောဇနီး ဒေါက်တာဥမ္မာမိုးမြင့်သည် ၉-၁၁-၂၀၂၀ ရက်တွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးများ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းဒါယကာကြီး**
### ဦးဆယ်မောင်(ကျောက်ပန်းတောင်း)
**အသက်(၈၇)နှစ်**

တက္ကသိုလ်များသမိုင်းအထူးပြုကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့မှ အတွင်းရေးမှူး ဦးမျိုးလွင်၏ဖခင်ကြီး ဦးဆယ်မောင်သည် ၉-၁၁-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တက္ကသိုလ်များသမိုင်း**
**အထူးပြုကျောင်းသား/သူဟောင်းများ**
**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဥမ္မာမိုးမြင့်
**အသက်(၆၃)နှစ်**

MPRL E & P Group of Companies မှ ဆရာဦးမိုးမြင့်၏ ချစ်လှစွာသောဇနီး ဆရာမဒေါက်တာဥမ္မာမိုးမြင့်သည် ၉-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဇော်အောင်နှင့်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဥမ္မာမိုးမြင့်
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဦးမိုးမြင့် (MPRL E&P Group of Companies)၏ ချစ်လှစွာသောဇနီး ဒေါက်တာဥမ္မာမိုးမြင့်သည် ၉-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းနိုင်**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဥမ္မာမိုးမြင့်
**အသက်(၆၃)နှစ်**

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဥမ္မာမိုးမြင့်သည် ၉-၁၁-၂၀၂၀(တနင်္လာနေ့)တွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဥမ္မာမိုးမြင့်
**အသက်(၆၃)နှစ်**

မြန်မာနိုင်ငံရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်း အသင်းဝင် ဦးမိုးမြင့် (MPRL E&P Group of Companies)၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါက်တာဥမ္မာမိုးမြင့်သည် ၉-၁၁-၂၀၂၀ (တနင်္လာနေ့)တွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံရေနံနှင့် သဘာဝဓာတ်ငွေ့**
**ဝန်ဆောင်မှုအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးမျိုးမြင့်ဦး
**အသက်(၄၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဂျိုးဖြူကျေးလက်ကျန်းမာရေးဌာနမှ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)၊ ဦးမျိုးမြင့်ဦးသည် ၂-၁၁-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန**

**မီးဘေးရှောင် မလောင်ခင်တား**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါးမြို့ UPC ဘုရားကျောင်းခန်းမဆောင်သစ်ဖွင့်ပွဲ တက်ရောက်

**ဟားခါး နိုဝင်ဘာ ၁၀**

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ UPC ဘုရားကျောင်းခန်းမဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ UPC အသင်းတော် ဂိုဏ်းချုပ်ဆရာတော် Rev.Dr.Ral Bual က အဖွင့်ဆုတောင်းပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်တို့က UPC ဘုရားကျောင်း၏ VP Henry Van Thio ခန်းမဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကျေးဇူးတင်စကားပြောကြားပြီး ဟားခါးမြို့ UPC အသင်းတော် ဥက္ကဋ္ဌ Rev.Van Tiam က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တည်ဆောက်ရေးအင်ဂျင်နီယာတို့က လက်ခံရယူကြသည်။

အဆိုပါ UPC ဘုရားကျောင်း၏ VP Henry Van Thio ခန်းမဆောင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၄၀၀ ဖြင့် ဟားခါးမြို့ UPC အသင်းတော်ကော်မတီက တာဝန်ယူကာ ဇူလိုင်လမှ စတင်ဆောက်လုပ်ခဲ့ပြီး အောက်တိုဘာလတွင် အဆောက်အအုံလုပ်ငန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးခဲ့သည်။ ခန်းမဆောင်မှာ အလျား ၆၅ ပေ၊ အနံပေ ၃၀၊ အမြင့် ၂၁ ပေရှိ RC နှစ်ထပ်ဖြစ်သည်။ ခရိုင်(ပြန်/ဆက်)




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် တာဝန်ရှိသူများ UPC ဘုရားကျောင်း၏ VP Henry Van Thio ခန်းမဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၂၁၁ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၁) | ဒေါ်အောင်ဆန်းစုကြည် | ၁၂/ဗဟန(နိုင်)၁၀၉၄၅၈ | ကော့မှူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးနေမျိုးထက် | ၁၂/ဗတထ(နိုင်)၀၀၁၈၁၃ | ကျောက်တံတား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးအောင်သော် | ၁၂/ရကန(နိုင်)၀၂၀၈၁၈ | ကိုကိုးကျွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးတိုးဝင်း | ၁၂/တမန(နိုင်)၀၆၈၁၇၁ | ဗိုလ်တထောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးစည်သူမောင် | ၁၂/လမန(နိုင်)၁၆၀၆၃၈ | ပန်းဘဲတန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးဟန်စိုး | ၁၂/ဒပန(နိုင်)၀၄၄၁၀၁ | ဒေါပုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးမြင့်လွင် | ၇/ပခန(နိုင်)၀၁၈၁၁၀ | ပုဇွန်တောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၂၁၂ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက် )

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ချင်းပြည်နယ်** | | | | |
| (၁) | ဒေါက်တာအေးအေးငွန် | ၉ / မရတ(နိုင်)၀၀၆၄၀၈ | အမှတ် ( ၁၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးငွန်ဝုန်း | ၄ / ထတလ(နိုင်)၀၀၅၂၁၇ | အမှတ် ( ၁၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၃) | ဦးကျော်မြင့်ဦး | ၉ / လဝန(နိုင်)၀၀၇၈၆၇ | အမှတ် ( ၁၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၄) | ဦးခင်ဇော်ဦး | ၁၀ / ကမရ(နိုင်)၀၁၈၉၉၅ | အမှတ် ( ၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးလင်းတင်ငွေး | ၁၀ / ခဆန(နိုင်)၀၉၈၈၆၂ | အမှတ် ( ၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေးမုံ
ယနေ့
ဖတ်စရာ

ရွေးကောက်ပွဲရလဒ်များကို နိုဝင်ဘာ ၁၁ ရက်မှစ၍ နေ့စဉ် နံနက် ၉ နာရီ၊ မွန်းတည့် ၁၂ နာရီ၊ ညနေ ၄ နာရီနှင့် ည ၈ နာရီတို့တွင် ထုတ်ပြန်ကြေညာသွားမည်
စာမျက်နှာ » ၄

ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်
စာမျက်နှာ » ၁၄

မြကျွန်းညိုသို့ သတိရတိုင်း . . .
စာမျက်နှာ » ၁၈

ဂုဏ်ယူ နွဲပျော် ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတော်
စာမျက်နှာ » ၂၀